**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**



# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၆၄)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံ၊ Astana International Financial Center (AIFC)သို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၈**

ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံ၊ အက်စတာနာမြို့သို့ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် Astana International Financial Center (AIFC)သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား(AIFC)အုပ်ချုပ်မှုဆိုင်ရာဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Bakhtiyar Tleubekov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စင်တာအတွင်း လိုက်လံကြည့်ရှုလေ့လာကြပြီး ဌာနအလိုက် တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

**စာမျက်နှာ ၅ ကော်လံ ၁** ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Astana International Financial Center (AIFC) အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

**အနာဂတ်နိုင်ငံ့ခရီးအတွက် ခြေလှမ်းတိုင်းသည် အောင်မြင်မှုမှတ်တိုင်ဖြစ်**

ဆောင်းပါး စာ - ၁၁ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်)

# ပြည်ပရင်းနှီးမြှုပ်နှံမှုမှသည် အလုပ်အကိုင်အခွင့်အလမ်းများဆီသို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့်နိုင်ငံဖြစ်သည့်အားလျော်စွာ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့်နိုင်ငံနှင့်မဆို ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးလျက်ရှိသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းလျက်ရှိသည့်အတွက် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်းနိုင်ငံများပေါ်များလှသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့သည်။ ထိုမှတစ်ဆင့် ကာဇက်စတန်သမ္မတနိုင်ငံသမ္မတ H.E.Mr.Kassym-Jomart Tokayev ၏ဖိတ်ကြားချက်အရ စက်တင်ဘာလ ၂၇ ရက်တွင် ကာဇက်စတန်သမ္မတနိုင်ငံသို့ ဆက်လက်သွားရောက်ခဲ့သည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စက်တင်ဘာလ ၂၇ ရက်မွန်းလွဲပိုင်းတွင် ကာဇက်စတန်သမ္မတနိုင်ငံ၊ သမ္မတနန်းတော်သို့ရောက်ရှိရာ ဂုဏ်ပြုတပ်ဖွဲ့ကဂါရဝပြုကြိုဆိုပြီး ကာဇက်စတန်သမ္မတနိုင်ငံ၊ သမ္မတက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် ကာဇက်စတန်သမ္မတနိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev နှင့် သမ္မတနန်းတော်၌ တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ကာဇက်စတန်သမ္မတနိုင်ငံသမ္မတက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့ဝင်များအား ကာဇက်စတန်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း၊ အဆွေတော်သည် ကာဇက်စတန်နိုင်ငံသို့ ပထမဦးဆုံးလာရောက်သည့်မြန်မာနိုင်ငံမှခေါင်းဆောင်တစ်ဦးလည်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံသမိုင်းကြောင်းဆိုင်ရာ ယဉ်ကျေးမှုနှင့်ပထဝီဝင်အနေအထားအရ အချက်အချာကျသည့်နေရာတွင်တည်ရှိနေသည်ကို လေ့လာသိရှိရပါကြောင်း၊ မြန်မာနိုင်ငံနှင့်စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကိုဆောင်ရွက်သွားရန် မိမိတို့အနေဖြင့်အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏တောင်ဘက်တွင်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မိမိတို့ ကာဇက်စတန်နိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံဘက်မှကြည့်မည်ဆိုပါက logistic ပိုင်းဆိုင်ရာလုပ်ငန်းများကို အကောင်းဆုံးဖြတ်သန်းဆောင်ရွက်နိုင်သည့်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ရုရှားနိုင်ငံသာမက အရှေ့တောင်အာရှနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဦးစွာပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိမိဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယခုကဲ့သို့ လှိုက်လှဲနွေးထွေးစွာကြိုဆိုပြီး ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကာဇက်စတန်နိုင်ငံသို့ရောက်ရှိစဉ် အဆွေတော်တို့နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများနှင့်သာယာလှပမှုများကို မျက်ဝါးထင်ထင်တွေ့မြင်ရသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရန်၊ အမြင်ချင်းဖလှယ်နိုင်ရန်လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ပြီး ပူးပေါင်းဆောင်ရွက်မှုများလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တွန်းအားတစ်ခုဖြစ်စေလိမ့်မည်ဟုယုံကြည်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်သည့်အတွက် နှစ်နိုင်ငံအကြားအကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍပေါင်းစုံတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကာဇက်စတန်နိုင်ငံသမ္မတတို့သည် ကုန်သွယ်ရေးနှင့်ကူးသန်းရောင်းဝယ်ရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်သတ္တုတူးဖော်ရေးကဏ္ဍ၊ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကဏ္ဍတို့အပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲ၏ ပြည်ပခရီးစဉ်သွားရောက်မှုများမှာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးခြင်း၊ သဘောတူစာချုပ်ချုပ်ဆိုခြင်းစသည်ဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးရှိစေမည့်ကိစ္စရပ်များကိုဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများပိုမိုလာရောက်လျက်ရှိပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုများပြားလာပြီဖြစ်ပေရာ နိုင်ငံသားများအနေဖြင့် ပေါ်ပေါက်လာမည့်အလုပ်အကိုင်များနှင့် ကိုက်ညီသည့်ပညာရပ်များ တတ်ကျွမ်းထားရန်လိုအပ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

ရက်

၉၀

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၉-၉-၂၀၂၅(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၉:၀၀ | Sport News | ၄။ | ၁၆:၄၀ | I Music |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ | ၁၅:၀၀ | Jumping For You | ၆။ | ၂၂:၂၀ | Goodnight Listeners |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မင်းဘူးခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေး အဖွဲ့များကို လူ/ယာဉ်/စက်ယန္တရားများဖြင့် အရန်သင့်စုဖွဲ့ထားရှိ



မင်းဘူး စက်တင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်စေရန် ခရိုင်နှင့်မြို့နယ်များရှိ မီးသတ်ဦးစီးဌာနရုံးများ၌ အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးအဖွဲ့များကို လူ/ယာဉ်/စက်ယန္တရားများဖြင့် အရန်သင့်စုဖွဲ့ထားရှိကြောင်း သိရသည်။

"သဘာဝဘေးအန္တရာယ်တွေ ကျရောက်လာရင် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စေဖို့ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနလက်အောက်မှာရှိတဲ့ မင်းဘူးခရိုင်အတွင်းက မင်းဘူး(စကု)၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲ၊ စေတုတ္တရာမြို့နယ်တွေနဲ့ သက်ဆိုင်ရာနယ်မြေခံမီးသတ်စခန်းတွေမှာ အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးအဖွဲ့တွေကို လူ/ယာဉ်/စက်ယန္တရားတွေနဲ့ တစ်မြို့နယ်ကို ၃၅ ဦးနှုန်းနဲ့ တပ်စုငါးစုမှာ တပ်ဖွဲ့ဝင်စုစုပေါင်း ၁၇၅ ဦး အရန်သင့်ဖွဲ့စည်းထားပါတယ်။ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေက သဘာဝဘေးအမျိုးအစားအလိုက် အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့ တပ်စုအဖွဲ့လိုက်လေ့ကျင့်ခြင်း၊ သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းလေ့ကျင့်ခြင်းနဲ့ အသိပညာပေးလှုံ့ဆော်ခြင်းအစီအစဉ်တွေကို လေ့ကျင့်ဆောင်ရွက်နေပါတယ်"ဟု မင်းဘူးခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းကပြောသည်။

မင်းဘူးခရိုင်၌ ယခုရက်ပိုင်းတွင် တိုင်ဖွန်းမုန်တိုင်းအရှိန်ကြောင့် မိုးအဆက်မပြတ်ရွာသွန်းမှုနှင့်အတူ တောင်ကျချောင်းရေများ ထပ်မံစီးဆင်းဝင်ရောက်လာနိုင်သည့်အတွက် မြစ်ချောင်းကမ်းပါးများနှင့် မြေနိမ့်ပိုင်းဒေသတစ်လျှောက်တွင် နေထိုင်လျက်ရှိသော ဒေသခံပြည်သူများအနေဖြင့် အထူးသတိပြုနေထိုင်ရန်လိုအပ်သည်။

မင်းဘူးမြို့၌ ရေဝတီမြစ် စိုးရိမ်ရေအမှတ်သည် ၁၇၀၀ စင်တီမီတာဖြစ်ပြီး ယခုရက်ပိုင်းတွင် ရေဝတီမြစ်ရေ အနည်းငယ်တိုးမြင့်လျက်ရှိကြောင်း သိရသည်။

မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များ၌ နယ်မြေအလိုက် အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးအဖွဲ့များကို အရန်သင့်ဖွဲ့စည်းထားရှိပြီးဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် တွေ့ကြုံလာပါက သက်ဆိုင်ရာနယ်မြေခံမီးသတ်စခန်းများနှင့် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များသို့ အချိန်မရွေးဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံဧက ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

ပွင့်ဖြူ စက်တင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံဧက ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ ၅၉၁၄ ဧက စိုက်ပျိုးရန် လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးရာ လက်ရှိတွင် လျာထားစိုက်ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ပဲစင်းငုံဧက ၅၉၁၄ ဧကလျာထားစိုက်ပျိုးခဲ့တာ လက်ရှိမှာ ၆၆၁၁ ဧက စိုက်ပျိုးနိုင်ခဲ့လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးတာနဲ့ပတ်သက်ပြီး အထွက်နှုန်းကောင်းအောင် လိုအပ်တဲ့စိုက်ပျိုးရေးနည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းစနစ်တွေကိုတောင်သူတွေကို အသိပညာပေးထားပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လည်း စိုက်ပျိုးကြပါတယ်။ ပဲစင်းငုံအပါအဝင် မိုးသီးနှံစိုက်ပျိုးမှုအနေနဲ့ အားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်းများကောင်းမွန်ရေးတို့အတွက် ကွင်းဆင်းအသိပညာပေးခြင်းများဆောင်ရွက်ပေးခဲ့သည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကိုဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ရန်ကုန်မြို့၌ (၁၈) ကြိမ်မြောက် အိမ်ခြံမြေနှင့် ကားအရောင်းပြပွဲ နှစ်ရက်တိုင်တိုင် ကျင်းပလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၈

(၁၈) ကြိမ်မြောက် အိမ်ခြံမြေနှင့် ကားအရောင်းပြပွဲကို ရန်ကုန်မြို့ရှိ LOTTE HOTEL ၌ စက်တင်ဘာလ ၂၇ နှင့် ၂၈ တို့တွင် ကျင်းပလျက်ရှိကြောင်း သိရသည်။

"အရောင်းပြပွဲကျင်းပခြင်းရဲ့ ရည်ရွယ်ချက်က ဝန်ထမ်းမိသားစုတွေ အိမ်ငှားဘဝကနေ အိမ်ပိုင်၊ ကားပိုင်နဲ့နေထိုင်နိုင်ဖို့ ရည်ရွယ်ပြီး iMyanmar House နဲ့ Cars DB တို့က စီစဉ်ကျင်းပပေးတာပါ။ Home Loan ရဲ့အဓိကအားသာချက်က အိမ်ဝယ်ဖို့ငွေ အလုံးအရင်းမလိုအပ်ဘဲ အတိုးနှုန်းအသက်သာဆုံး လစဉ်ပေးသွင်းငွေနဲ့ အိမ်ပိုင်ဆိုင်နိုင်မှာဖြစ်ပြီး Auto Loan အနေနဲ့လည်း လိုချင်တဲ့ Car Brand တွေကို ငွေအလုံးအရင်းသုံးဖို့မလိုဘဲ လစဉ်အရစ်ကျစနစ်နဲ့ ချက်ချင်းလက်ဝယ်ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်"ဟု iMyanmar House နှင့် Cars DB တို့၏ Group CEO ဦးနေမင်းသူကပြောသည်။

ထို့ပြင် အထူးအခွင့်အရေးအဖြစ် လစဉ် ငွေကျပ်ခုနစ်သိန်းကျော် သွင်းရုံဖြင့် ဝယ်ယူနိုင်မည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောက်လုပ်ဆဲ၊ ဆောက်လုပ်ပြီးအသင့်နေအခန်းများဝယ်ယူနိုင်ခွင့်နှင့် မြေကွက်များကိုလည်း ထည့်သွင်းရောင်းချကြောင်း သိရသည်။

အဆိုပါပြပွဲ၌ မင်္ဂလာဈေးမှ ဈေးဆိုင်ခန်းများနှင့် တည်းကုန်းလက်ကားဈေးကြီးရှိ လူနေပွဲရုံတိုက်ခန်းများကိုလည်း ထည့်သွင်းရောင်းချပေးလျက်ရှိသည်။

အဆိုပါအရောင်းပြပွဲကာလအတွင်း ရန်ကုန်၊ မြဝတီနှင့် ပင်းတယမြို့တို့ရှိ ပိုင်ဆိုင်မှုခိုင်မာသည့်မြေကွက်များ၊ သိန်း ၂၀၀၀ ကျော်မှ စတင်ဝယ်ယူနိုင်မည့် အသင့်နေကွန်ဒိုအခန်းများ၊ Luxury Lifestyle ကြိုက်နှစ်သက်သူများအတွက် Luxury Condo နှင့် လုံးချင်းအိမ်များ၊ တန်ဖိုးသင့် Apartment အခန်းများကို တစ်နေရာတည်းတွင် စုံစုံလင်လင်လေ့လာနိုင်ကြောင်း သိရသည်။

ထို့ပြင် Home Loan လျှောက်ထားနိုင်ပြီး လစဉ် ငွေကျပ် ၁၀ သိန်းကျော်ပေးသွင်းရုံဖြင့် ကြိုက်နှစ်သက်ရာကား Brand New များ ရွေးချယ်ဝယ်ယူနိုင်ခွင့်ရရှိမည်ဖြစ်သည်။ ပြပွဲအတွင်း 2025 Model EV ကားများ၊ EV Taxi များကို ဘဏ်များဖြင့်ချိတ်ဆက်၍ အရစ်ကျစနစ်များ၊ အထူးဈေးနှုန်းများဖြင့် ဝယ်ယူနိုင်မည့်အပြင် ပြပွဲအတွင်း ကားသစ်ကြီးများကို ကိုယ်တိုင်ကိုယ်ကျ စမ်းသပ်မောင်းနှင်နိုင်မည့် အခွင့်အရေးလည်းရရှိမည်ဖြစ်ကြောင်း သိရသည်။

**ဝါဝါ**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

### သာကေတင်ပြခြင်း

ရှင်ဦးအံ့။ ဝေဿန္တရာမင်းသည် (ဗုဒ္ဓကိုယ်တော်တိုင်က အတိတ်ဆောင်ပြီး ဟောတော်မူခြင်းဆိုသောကြောင့်)သို့လော သို့လော အလောင်းတော်မျိုးမဟုတ်၊ စစ်စစ်မြည်သော အလောင်းတော်တစ်ပါးဖြစ်ရပေမည်။ သူသည် ( လှူရဲမင်းဝေဿန်ဆိုသည့်အတိုင်း) ဆင်ဖြူတော်ပစ္စယကို လှူ၏။ သားသမီးကိုလည်းလှူ၏။ မဒ္ဒီဒေဝီမိဖုရားကြီးကိုလည်း လှူ၏။ ဆင်ဖြူတော်ပစ္စယရှိသော တိုင်းပြည်တွင် မိုးမခေါင်စေနိုင်သော သတ္တိထူးရှိသည်ဆို၏။ မင်းကြီးသည် တိုင်းသူပြည်သား လူအများတို့၌ မိုးခေါင်လျှင် ဒုက္ခရောက်မည့်အရေးကို သိမြင်ပါလျက် ဆင်ဖြူတော်ကို ပေးလှူလိုက်၏။ အဘယ်ကြောင့် ပေးလှူသနည်း။ သဗ္ဗညုတဉာဏ်တော်ကိုရရှိမှုအတွက် ပေးလှူသည်ဆို၏။ သဗ္ဗညုတဉာဏ်သည် ဘယ်သူ့အတွက်ဖြစ်သနည်း။ အလောင်းတော်အတွက်ဖြစ်သည်။ နောက်ဆုံး၌ တိုင်းသူပြည်သားတို့သည် ဝေဿန္တရာမင်းကြီးကို (ဆင်ဖြူတော်ပေးလှူမှုကြောင့်) တိုင်းပြည်မှ နှင်ထုတ်လိုက်ကြရ၏။ ဤကိစ္စတွင် မင်းကြီးက မှားသလော။ တိုင်းသူပြည်သားကပင် မှားသလော။ မင်းကြီးကမူ သဗ္ဗညုတဉာဏ်အတွက် ဘာကိုမဆို ပေးလှူရမည်ဖြစ်သောကြောင့် မင်းကြီးမှားသည်ဟု မဆိုနိုင်ချေ။ တိုင်းသူပြည်သားများကလည်း မိမိတို့ ဒုက္ခရောက်စေမည့် အလုပ်တစ်ခုကိုပြုမိသော ဘုရင်အား တိုင်းပြည်မှနှင်ထုတ်ခြင်းဖြစ်သောကြောင့် မှားသည်ဟု မဆိုသင့်ချေ။ သို့ဖြစ်၍ ဤကိစ္စတွင် မင်းကြီးလည်း မမှား၊ တိုင်းသူပြည်သားလည်း မမှား။ အလောင်းတော်နှင့် တိုင်းသူပြည်သားတို့ ဖက်စပ်မိခြင်းသည်သာလျှင် မှားလျက်ရှိသည်။ ထွက်ပေါ်လာသော အကျိုးတရားမှာ ဝေဿန္တရာမင်းကြီးမှာလည်း ပြည်နှင်ဒဏ်ခံရ၍ တိုင်းသူပြည်သားများလည်း မိုးခေါင်သောဒုက္ခနှင့် တွေ့ကြုံရသည်။ ဝေဿန္တရာမင်း (အလောင်းတော်)ကမူ မည်သည့်တိုင်းပြည်၌ ဘုရင်လုပ်ရသည်ဖြစ်စေ (အလှူခံမည့်သူရှိက) ဘာမဆို ပေးလှူလိမ့်မည်သာဖြစ်၏။ အလောင်းတော်တိုင်းသည် ဝေဿန္တရာကဲ့သို့ ရင့်သေးသည်မဟုတ်သောကြောင့် ဘာမဆိုလှူရက်လိမ့်မည်မဟုတ်သော်လည်း ထိုသူတို့သည် တိုင်းသူပြည်သား၏အကျိုးထက် သူ့အတွက် သဗ္ဗညုတဉာဏ်ရဖို့လောက်ကိုသာ ကြည့်တတ်ကြသည်ဆိုသောကြောင့် တိုင်းပြည်အတွက် အကောင်းဆုံးသောမင်းအဖြစ်နှင့် လက်မခံနိုင်ဟူသောစကားမှာ ပြေလည်လောက်ပြီဟု သဘောရပေသည်။



### မဟုတ်နိုင်ခြင်း တစ်ချက်

ဤမျှသာမကသေး။ အလောင်းတော်ဆိုသူများသည် သားသမီး၊ သားမယားများအတွက်ပင် အကောင်းဆုံးသောဖခင် သို့မဟုတ် အကောင်းဆုံးသောခင်ပွန်း မဟုတ်နိုင်ဟုဆိုပါက များလွန်းသည်ဟု ဆိုချင်စရာဖြစ်နေပြန်သည်။ ဆိုချင်လည်း ဆိုကြစေ၊ ကျွန်ုပ်မူကား ဤအတိုင်းပင်မြင်မိ၏။ ဝေဿန္တရာမင်းကြီးက ဂဏှာနှင့် ဇာလီတို့ကို ဇူဇကာပုဏ္ဏားအား ပေးလှူသည့်အခါ မောင်နှမနှစ်ယောက်တို့သည် ခမည်းတော်၏ပါရမီတော်ကို ကူညီဖြည့်စွက်သည်ဟု သဘောထားကြသည်။ သို့မဟုတ် သဘောထားသင့်သည်ဟု ဆိုကြ၏။ ကျွန်ုပ်သည် သဗ္ဗညုတဉာဏ်၏တန်ဖိုးကို သူလို၊ ငါလိုလူများထက် နားလည်သည်ထင်၏။ သို့ရာတွင် ကျွန်ုပ်၏ ရှင်းရှင်းပြတ်ပြတ်စဉ်းစားတတ်သောဝါသနာကြောင့် ဇာလီတို့မောင်နှမသည် ခမည်းတော်၏ပါရမီတော်ကို ကူညီဖြည့်စွက်မည်ဟု သဘောထားနိုင်ကြမည်လည်း မထင်၊ သဘောထားသင့်ကြသည်ဟူ၍လည်း မယူဆနိုင်ချေ။

### ကျမ်းပြုဆရာ၏ စိတ်ကူး

ရှင်ဦးအံ့။ ဝေဿန္တရာမင်း ပေါ်ထွန်းသည့်အချိန်နှင့် မဇ္ဈိမတိုင်း၌ ဂေါတမဗုဒ္ဓပွင့်တော်မူသည့် အချိန်ကာလမှာ နှစ်ပေါင်း ၅၇ ကုဋေနှင့် ၆ သန်း ကွာခြားသည်ဟု ကျမ်းဂန်ကဆိုသည်။ အတိအကျမှန်ကန်သည်ဟု လက်မခံလိုကြလျှင်ရှိစေ၊ ဤနှစ်ခေတ်မှာ ကာလအရှည်ကြီး ခြားနားလျက်ရှိသည်ဆိုခြင်းကိုမူ ဗုဒ္ဓဘာသာဝင်တို့ လက်ခံကြရပေလိမ့်မည်။ ဝေဿန္တရာခေတ်မှာ ကဿပမြတ်စွာဘုရား၏ သာသနာနှင့် ဂေါတမမြတ်စွာဘုရား၏ သာသနာတော်အကြားတွင် တည်ရှိရမည်ဖြစ်သည့်အပြင် နှစ်ဖက်သောသာသနာတို့နှင့် နှစ်ပရိစ္ဆေဒအလွန်ဝေးကွာလျက်ရှိရပေမည်။ ထိုသို့သောအချိန်အခါ၌ 'သာသနာ'ဟူသောစကားသည်လည်းကောင်း၊ 'ဗုဒ္ဓ' ဟူသောစကားသည်လည်းကောင်း ၎င်းလူတို့၏နား၌ မကြားရဖူးသလောက်ဖြစ်ရပေမည်။ ဝေဿန္တရာမင်းကြီးမှာ အလောင်းတော်ဖြစ်သည့်အတွက်ကြောင့် သဗ္ဗညုတဉာဏ်ဟူသောစကားလုံးသည် အမည်ပညတ်အားဖြင့် သူ၏စိတ်ထဲတွင် မထင်ရှားသော်လည်း သဘောတရားအနေဖြင့် နားလည်ထားခြင်းမူကား ရှိလောက်သင့်သည်ဟု လက်ခံနိုင်လောက်ပါသည်။ သို့ရာတွင် ငယ်ရွယ်သူကလေးများသာဖြစ်ကြသော ဂဏှာ၊ ဇာလီမောင်နှမတို့သည် သဗ္ဗညုတဉာဏ်ဆိုသည်ကိုလည်းကောင်း၊ ပါရမီဖြည့်မှုရသည့် သဘာဝစည်းကမ်းဥပဒေကိုသော်လည်းကောင်း၊ ပါရမီဟူသော အမည်နာမနှင့် အနက်အဓိပ္ပာယ်ကိုသော်လည်းကောင်း နားလည်နိုင်ကြမည်မဟုတ်သောကြောင့် ခမည်းတော်၏ပါရမီကို ကူညီဖြည့်ပေးပါမည်ဟု သဘောထားကြသည်ဆိုခြင်းမှာ များလွန်းအားကြီးလှသည်ဖြစ်၍ ကျမ်းပြုသူများ၏ စိတ်ကူးယဉ်မှုဟု ဆိုသင့်သည်ထင်ပါသည်။

### ကျွန်ုပ်၏ဆန္ဒ

တစ်ဖန် မောင်နှမနှစ်ယောက်တို့က ပါရမီကို ကူညီဖြည့်သည်ဟု သဘောထားသင့်ကြသည်ဆိုလျှင်လည်း အလွန်မတရားရာကျသည်ဟု ဆိုသင့်၏။ သဗ္ဗညုတဉာဏ်၏ကြီးကျယ်နက်နဲခြင်းကို ထားပါဦး၊ သတ္တဝါဟူသမျှသည် ဖြစ်လေရာဘဝတွင် ကြီးကျယ်ပြီး ပျော်ပျော်နေချင်မှုလောက်ကိုသာ အလိုရှိကြ၍ သံသရာသည် ဆင်းရဲသည်ဟူ၍လည်း မထင်၊ ထို့ကြောင့် သံသရာဝဋ်ဆင်းရဲဆိုသည်မှ လွတ်မြောက်လိုသော ဆန္ဒဆိုသည်မှာလည်း မရှိကြခြင်းမှာ သတ္တဝါအပေါင်းတို့၏ ဓမ္မတာသဘောကြီးပင်ဖြစ်လေသည်။ မိမိကိုယ်တိုင်က လွတ်မြောက်လိုသောဆန္ဒမရှိပါဘဲလျက် သတ္တဝါတွေလွတ်မြောက်ရေးအတွက် ဟောပြောမည်ဆိုသည့် ဗုဒ္ဓတစ်ဆူပွင့်တော်မူရေးအတွက် ဂဏှာ၊ ဇာလီ မောင်နှမတို့က မိမိတို့ကိုယ်ကို ဇူဇကာလက်သို့ အပေးခံပြီး အလောင်းတော်၏ပါရမီကို ကူညီဖြည့်စွက်သင့်သည်ဆိုခြင်းမှာ ကိုယ်ချင်းမစာနာသည့်အတွက်ကြောင့် မမျှော်လင့်ထိုက်သည်၌ မျှော်လင့်ရာရောက်သည်ဟု ဆိုချင်ပါသည်။ ကျွန်ုပ်အတွက် ရှင်းရှင်းရေးရလျှင် အလှူရဲသော အလောင်းတော်များ၏ ပိုင်ဆိုင်ခြင်းခံရ၍ ပေးလှူစွန့်ကြဲနိုင်သည့် သားသမီး စသောအဖြစ်မျိုးကို အလိုမရှိ၊ ထိုပုဂ္ဂိုလ်မျိုး၏ မိတ်ဆွေအဖြစ်လောက်ကိုသာ လိုလားပါသည်။

### ကြောက်စရာကောင်းသော အစိုးရ

ကျွန်ုပ်၏ယုံကြည်ချက်တစ်ခုမှာလည်း တိုင်းပြည်အုပ်ချုပ်သူတစ်ယောက်သည် တိုင်းသူပြည်သားချောင်ချိသက်သာရေးနှင့် ကုသိုလ်ရေးကို တွဲဖက်ဆောင်ရွက်နိုင်က ဆောင်ရွက်သင့်သည်မှန်သော်လည်း တိုင်းသူပြည်သားတို့၌အကျပ်ခံပြီး တိုင်းသူပြည်သားတို့၏ငွေဖြင့် မိမိကုသိုလ်ရအောင်ဖြစ်စေ၊ တိုင်းသူပြည်သားများ ကုသိုလ်ရအောင်ဖြစ်စေ ပြုလုပ်သည်ဆိုပါလျှင် ထိုသူသည် လောကရေးနှင့် ဓမ္မရေးကို ပိုင်းခြားနားလည်သူမဟုတ်ဟု ဆိုချင်သည်။ အစိုးရ၏ဝတ္တရားသည် တိုင်းသူပြည်သားတို့၏ စားနေဝတ်အဆင့်အတန်းကိုမြှင့်တင်ပေးရန်ဖြစ်၍ နတ်ပြည်သို့တင်ပေးရန် တာဝန်မရှိချေ။ အုပ်ချုပ်သူတစ်ယောက်သည် သူကုသိုလ်လိုချင်ပါက မိမိ၏ ချွေးနဲ့စာဖြင့် ပေးကမ်းလှူဒါန်းရာ၏။ ပြည်သူပြည်သား၏ အခွန်တော်ငွေကို တိုင်းသူပြည်သား၏ လက်ငင်းပစ္စက္ခအကျိုးအတွက်မှတစ်ပါး မည်သည့် ကုသိုလ်ရေးအတွက်မဆို သုံးထိုက်သည်ဟု အထင်ရောက်လာလျှင် ထိုအစိုးရသည် ကြောက်စရာကောင်းသော အစိုးရတစ်ခုဖြစ်လာနိုင်သည်။

ဆက်လက်ဖော်ပြပါမည်။

---

## ကန့်ဘလူခရိုင်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံမျိုးစုံဧက လေးသိန်းကျော် လျာထားစိုက်ပျိုးမည်

ကန့်ဘလူ စက်တင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧက လေးသိန်းကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှကြိုင်၏ပြောကြားချက်အရ သိရသည်။

"ခရိုင်အတွင်းမှာရှိတဲ့ ဒေသခံတောင်သူတွေက အခုနောက်ပိုင်း ဈေးကွက်ဝင်တဲ့ သီးနှံတွေကို ရွေးချယ်စိုက်ပျိုးလာကြတယ်။ ဒီသီးနှံတွေကလည်း ရေလိုအပ်ချက်နည်းတဲ့သီးနှံတွေဖြစ်ပါတယ်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအားကောင်းတော့ ပိုလျှံတဲ့သီးနှံတွေကို တခြားဒေသတွေနဲ့ ပြည်ပကိုတင်ပို့နိုင်မှာပါ"ဟု ဒေါ်လှကြိုင်ကပြောသည်။

ကန့်ဘလူခရိုင်အတွင်း ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်းစပါးဧက ၂၁၀၅၀၊ ပဲမျိုးစုံဧက ၁၁၆၉၃၀၊ ဆီထွက်သီးနှံ ၂၃၇၀၇၆ ဧက၊ ကြံ ၇၉၇၆ ဧက၊ စားဖိုဆောင်သီးနှံ ၂၃၅ ဧက၊ တခြားသီးနှံ ၂၄၉၄၂ ဧကနှင့် နှစ်ရှည်ပင် ၁၄၆၈ ဧက စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေကြောင်းရဲတပ်ဖွဲ့ လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး (ရန်ကုန်)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာလ ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ချမ်းမြေ့






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Astana International Financial Center (AIFC) အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား (AIFC) အုပ်ချုပ်မှုဆိုင်ရာဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Bakhtiyar Tleubekov နှင့် တာဝန်ရှိသူများက စက်မှုလက်မှုနှင့်ကုန်သွယ်ရေးအလိုက် လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Astana International Financial Center (AIFC) အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

★ **ရှေ့ဖုံးမှအဆက်**

ယင်းနောက် (AIFC) အုပ်ချုပ်မှုဆိုင်ရာဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကာဇက်စတန်နိုင်ငံ စက်မှုလက်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက(AIFC)ဆိုင်ရာအချက်အလက်များ၊ နည်းပညာတိုးတက်မှုမြင့်မားပြီး ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာဆန်းသစ်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ ကာဇက်စတန်နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များဖော်ဆောင်၍ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိမှုနှင့် လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်း၊ နည်းပညာဆိုင်ရာတို့အပြင် စိတ်ချလုံခြုံစွာ လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်ပေးထားမှု၊ မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့ အကြား ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ စက်မှုလက်မှုနှင့် ကုန်သွယ်ရေးအလိုက် လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ Astana International Financial Center (AIFC)မှတာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စင်တာအတွင်းရှိ Museum of Trust အတွင်း ကြည့်ရှုလေ့လာကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

**စာမျက်နှာ ၆ သို့**★





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အက်စတာနာမြို့ရှိ Baiterek သမိုင်းဝင်အထိမ်းအမှတ်အဆောက်အဦ လေ့လာရေးမျှော်စင်တွင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။

★ **စာမျက်နှာ ၅ မှအဆက်**

အဆိုပါ Astana International Financial Center (AIFC)သည် Astana မြို့တွင် တည်ရှိသည့် ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကာဇက်စတန်နိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကမ်းလှမ်းနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ Belt and Road Initiative (BRI) စီမံကိန်းတို့နှင့် ချိတ်ဆက်လုပ်ဆောင်လျက်ရှိသည့် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး အာရှအလယ်ပိုင်းဒေသမှအစပြု၍ အရှေ့အလယ်ပိုင်းဒေသ၊ တရုတ်နိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံများအထိ ကမ္ဘာအနှံ့ဖြန့်ကြက်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

စက်တင်ဘာလ ၂၇ ရက်ညပိုင်းတွင်လည်း နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အက်စတာနာမြို့ရှိ Baiterek သမိုင်းဝင်အထိမ်းအမှတ်အဆောက်အဦ လေ့လာရေးမျှော်စင်နှင့် အက်စတာနာမြို့ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများအား လှည့်လည်ကြည့်ရှုလေ့လာသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် Baiterek သမိုင်းဝင်အထိမ်းအမှတ် အဆောက်အဦသို့ရောက်ရှိကြပြီး လှည့်လည်ကြည့်ရှုလေ့လာခဲ့ကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် သိရှိလိုသည်များပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ Baiterek သမိုင်းဝင်အထိမ်းအမှတ်အဆောက်အဦလေ့လာရေးမျှော်စင်သည် ၁၉၉၇ ခုနှစ်တွင် ကာဇက်စတန်၏ မြို့တော် အက်စတာနာအဖြစ် ပြောင်းရွှေ့မှုအဖြစ် သင်္ကေတပြုသော သမိုင်းဝင်အဆောက်အဦဖြစ်ပြီး နိုင်ငံ၏သင်္ကေတနှင့် ခေတ်သစ်ဖိသုကာလက်ရာ၏ထင်ရှားသောမှတ်တိုင်နေရာတစ်ခုဖြစ်သည့်အပြင် ကာဇက်စတန်လူမျိုးများ၏ ဘဝသစ်စတင်ရာနေရာတစ်ခုလည်းဖြစ်ကြောင်း၊ Baiterek သည် အမြင့် ၉၇ မီတာ (၃၁၈ ပေ)ရှိပြီး အပေါ်ဘက်တွင်ရှိသော ဖန်ဘောလုံးကြီးအား တိုင် ၅၀၀ ဖြင့် အောက်မှပင့်တင်ထားသည့် ပုံစံမျိုး တည်ဆောက်ထားကာ ထောင့်အမျိုးမျိုးမှ ရုတ်တရက်ကြည့်မည်ဆိုလျှင် ရွှေဖြင့်ပြုလုပ်ထားသည်ဟုထင်ရကြောင်း၊ Baiterek ၏ ဒီဇိုင်းပုံကြမ်းကို ကာဇက်စတန်နိုင်ငံ၏ ပထမဆုံးသမ္မတ Mr. Nursultan Nazarbayev မှလေယာဉ်ပျံသန်းနေသည့်အချိန် လက်ကိုင်ပဝါပေါ်တွင် ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်ပြီး ယင်းလက်ကိုင်ပဝါကို ပထမဆုံးသမ္မတပြတိုက်တွင် သမိုင်းဝင်အမွေအနှစ်အဖြစ် သိမ်းဆည်းထားကြောင်း၊ Baiterek မျှော်စင်၏ဒီဇိုင်းနှင့်သင်္ကေတများသည် လှည့်လည်နေထိုင်သွားလာသူများ၏ ရိုးရာယုံကြည်မှုများနှင့် နီးကပ်စွာဆက်စပ်နေပြီး Baiterek ဆိုသည်မှာ ကာဇက်ရိုးရာဒဏ္ဍာရီတွင် ရှင်သန်ခြင်းသစ်ပင်ကြီး (Tree of Life) ကို ရည်ညွှန်းထားကြောင်း၊ ဒဏ္ဍာရီအရ ဤသစ်ပင်ပေါ်တွင် Samruk ဟုခေါ်သော ဒဏ္ဍာရီလာငှက်ကြီးနေထိုင်ပြီး ရွှေဥဥကာ နေကိုကိုယ်စားပြု၍ ရှင်သန်ခြင်းနှင့် မျှော်လင့်ချက်ရောင်ခြည်ကို ပေးစွမ်းသည်ဟုသိရှိရကြောင်း၊ ထိုနည်းအားဖြင့် ကာဇက်လူမျိုးများသည် အကောင်းနှင့်အဆိုး၏ ရုန်းကန်မှု၊ ရာသီများအပြောင်းအလဲကို နေ့ရောညပါ ပုံဖော်ကြကာ ဘိုင်တီရက်၏ ထိပ်တွင် ၂၂ မီတာရှည်သော ရွှေဘောလုံးသည် ဒဏ္ဍာရီလာနေမင်းကို ကိုယ်စားပြုကြောင်း၊ Baiterek အထိမ်းအမှတ် အဆောက်အဦကို မြို့တော်၏ယဉ်ကျေးမှု ဗဟိုချက်အဖြစ် ဖန်တီးခဲ့ခြင်းဖြစ်ပြီး မြေအောက် ၄.၅ မီတာတွင် ငါးပြတိုက်၊ ကော်ဖီဆိုင်နှင့် ယဉ်ကျေးမှုစင်တာတစ်ခုရှိကာ ၃၄ လွှာရှိ "ရွှေဘောလုံး" တင်ထားသည့်နေရာ လေ့လာရေးမျှော်စင်မှ မြို့ပြ၏ ရှုခင်းများကို ကြည့်ရှုခံစားနိုင်ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် ဘာသာပေါင်းစုံ(၁၇)ခုမှ ကိုယ်စားလှယ်များသည် Baiterek အထိမ်းအမှတ် အဆောက်အဦတွင် ပထမဆုံးအကြိမ်အဖြစ် ဆုတောင်းမှုပြုလုပ်ခဲ့ကြကြောင်း၊ ဘိုင်တီရက်သည် ကာဇက်စတန်၏ ယဉ်ကျေးမှု၊ ဒဏ္ဍာရီနှင့် ခေတ်သစ်တိုးတက်မှုတို့ကို ပေါင်းစပ်ထားသော အံ့ဖွယ်အဆောက်အဦတစ်ခုဖြစ်ကာ ငြိမ်းချမ်းမှု၏ ပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း၊ လာရောက်လေ့လာကြသူများ အနေဖြင့်လည်း Baiterek အထိမ်းအမှတ် အဆောက်အဦတွင်ဆုတောင်းမှုများကို ပြုလုပ်ကြကြောင်းသိရှိရသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အက်စတာနာမြို့ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

■ Baiterek **သမိုင်းဝင်အထိမ်းအမှတ်အဆောက်အဦလေ့လာရေး မျှော်စင်သည် ၁၉၉၇ ခုနှစ်တွင် ကာဇက်စတန်၏မြို့တော် အက်စတာနာအဖြစ် ပြောင်းရွှေ့မှုအဖြစ် သင်္ကေတပြုသော သမိုင်းဝင်အဆောက်အဦဖြစ်ပြီး နိုင်ငံ၏သင်္ကေတနှင့် ခေတ်သစ်ဗိသုကာလက်ရာ၏ ထင်ရှားသောမှတ်တိုင်နေရာတစ်ခုဖြစ်သည့်အပြင် ကာဇက်စတန်လူမျိုးများ၏ ဘဝသစ်စတင်ရာနေရာတစ်ခုလည်းဖြစ် . . .**

■ Baiterek **၏ ဒီဇိုင်းပုံကြမ်းကို ကာဇက်စတန်နိုင်ငံ၏ ပထမဆုံးသမ္မတ** Mr. Nursultan Nazarbayev **မှ လေယာဉ်ပျံသန်းနေသည့်အချိန် လက်ကိုင်ပဝါပေါ်တွင် ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်ပြီး ယင်းလက်ကိုင်ပဝါကို ပထမဆုံးသမ္မတပြတိုက်တွင် သမိုင်းဝင်အမွေအနှစ်အဖြစ် သိမ်းဆည်းထား . . .**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဒဂုံပေ့ါအသင်း သုံးဂိုးစီသရေကျ

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာနေရှင်နယ်လိဂ် ၂၀၂၅-၂၀၂၆ ပွဲစဉ်(၅)ပြိုင်ပွဲတစ်ပွဲဖြစ်သည့် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဒဂုံပေ့ါအသင်းတို့၏ယှဉ်ပြိုင်မှုကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ပြုလုပ်ရာ တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန်ဂိုးများသွင်း၍ သုံးဂိုးစီသရေကျခဲ့သည်။

ဒဂုံစတားအသင်းသည်ယနေ့နိုင်ပွဲရပါက အမှတ်ပေးဇယား၏ထိပ်ဆုံးတွင်ရပ်တည်မည့်အသင်းဖြစ်သည်။ ဒဂုံပေ့ါအသင်းသည်လည်း နိုင်ပွဲပျောက်ဆုံးနေ၍ ယနေ့ပွဲအနိုင်ရရှိရန်လိုအပ်နေသည်။ ထိုနှစ်သင်း၏ နိုင်ပွဲလိုအပ်မှုကြောင့် အပြန်အလှန်တိုက်စစ်များဖြင့် ပွဲစဉ်တစ်လျှောက်လုံး ပြိုင်ဆိုင်မှုပြင်းထန်နေ၍ ပရိသတ်အကြိုက်တွေ့သည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

ပွဲကစားချိန် ၁၅ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် မိုကာလူးကခေါင်းတိုက်သွင်းကာ ဒဂုံပေ့ါအသင်းအတွက် ဦးဆောင်ဂိုးကိုသွင်းယူခဲ့သည်။ ပွဲကစားချိန် ၂၇ မိနစ်တွင် အောင်သီဟက ဒဂုံစတားအသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။ ထို့နောက် အပြန်အလှန်တိုက်စစ်များဖြင့် ပြိုင်ဘက်ဂိုးရေိယာအား အကြိမ်ကြိမ်ထိုးဖောက်ခြိမ်းခြောက်ခဲ့ပြီး ပွဲကစားချိန် ၃၇ မိနစ်တွင် ခံစစ်သမားများ၏အမှားကို ဒဂုံပေ့ါကစားသမားမီချဲက အသင်းအတွက် ဒုတိယဂိုးကိုသွင်းယူ၍ ဦးဆောင်ကစားခဲ့သည်။ ပွဲကစားချိန် ၄၅ မိနစ်တွင် အောင်သီဟက ချေပဂိုးသွင်းယူနိုင်ခဲ့၍ နှစ်ဂိုးစီသရေရလဒ်ဖြင့် ပထမပိုင်းပြီးဆုံးသွားသည်။

ဒုတိယပိုင်း အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရင်း ပွဲကစားချိန် မိနစ် ၈၀ တွင် ထက်ဖြိုးဝေက ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး မိနစ် ၉၀ ပွဲပြီးဆုံး၍ နာကျင်အချိန်ပိုတွင် နောင်နောင်စိုး၏ ထောင့်ကန်ဘောမှတစ်ဆင့် မိုကာလူးက ခေါင်းတိုက်သွင်းယူကာ ဒဂုံပေ့ါအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့၍ တစ်ဖက်သုံးဂိုးစီဖြင့် သရေကျကာ ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

## အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့် ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီ ထိုးပြီး၍ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကို ပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များရေးမှတ်ရာတွင် ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-ခ)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်။
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print) ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။
- မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"**

**"လွတ်လပ်မျှတ၊ မဲပေးကြ"**

## မြိတ်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

**မြိတ် စက်တင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြစ်ငယ်ရပ်ကွက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိပညာ့ဗိမာန်ခန်းမ၌ စက်တင်ဘာလ ၂၇ ရက်တွင်မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးရှင်းလင်းခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြိတ်ခရိုင်ပညာရေးမှူး ဦးသန်းထိုက်က မဲဆန္ဒရှင်ပြည်သူများ သိရှိရမည့်အကြောင်းအရာများ ဆွေးနွေးပြောကြားပြီး မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမောင်က ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိရမည့်ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများပြုလုပ်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် တနင်္သာရီတိုင်းဒေသကြီး ကွပ်ကဲရေးတာဝန်ခံ ဦးသန်းထွတ်သိန်းက ကြည့်ရှုအားပေးကြောင်း သိရသည်။

(၄၁၂)

## ကျောက်ဆည်မြို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သောရိုးရာအမွေအနှစ်ဆင်ပွဲတော်

**သက်မောင်(ကျောက်ဆည်)**

**ကျောက်ဆည် စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရိုးရာဆင်အကအလှပြိုင်ပွဲနှင့်ဆင်လှူပွဲတော်ကြီးရောက်ရှိလာတော့မည်ဖြစ်ပြီး ဆင်အကအလှအဖွဲ့များကလည်း ရိုးရာဆင်၊ ဘော်ကြယ်ဆင်များဖြင့် မြန်မာ့ရိုးရာအိုးစည်၊ ဒိုးပတ်၊ ဝါး၊ နှဲ၊ လင်းကွင်းအတီးအဖွဲ့များနှင့်တစ်ဖုံ ခေတ်ပေါ်တေးဂီတသံစုံတီးဝိုင်းအဖွဲ့များက တစ်မျိုးနှင့် မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများ၌ စတင်လှည့်လည်ကပြဖျော်ဖြေလျက်ရှိကြောင်းသိရသည်။



ရိုးရာဆင်ပွဲတော် စတင်ပေါ်ပေါက်လာပုံမှာ သက္ကရာဇ် (၃၇၉) ခုနှစ်တွင် နန်းတက်တော်မူသော ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးသည် သာသနာတော်ပြန့်ပွားရေးအတွက် သက္ကရာဇ်(၃၉၅) ခုနှစ်တွင် သီဟိုဠ်ဘုရင်ဓာတုသေနမင်းထံမှ ပင့်ဆောင်ရရှိတော်မူခဲ့သော ဘုရားရှင်၏ လက်ဝဲအောက်စွယ်တော်ပွားကို အရှင်အရဟံ၏ ဩဝါဒဖြင့် ဆင်မယဉ်သာ (ဆင်ဖြူ)ပေါ်သို့တင်၍ အဓိဋ္ဌာန်ပြုစေလွှတ်ရာ ဆင်မယဉ်သာသည် ပုဂံမြို့ရွှေစည်းခုံ ပစ္စယံသုံးဆင့်၊ တန့်ကြည့်တောင်၊ လောကနန္ဒာ၊ တူရွင်းတောင်စသည့်နေရာများတွင် ဝပ်နားခဲ့ပြီး ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ထိပ်သို့ ရောက်သည့်အခါ ဝပ်နားခြင်းမရှိဘဲ ခေတ္တလဲလျောင်းခဲ့သည့်အတွက် အနော်ရထာမင်းကြီးသည် ယခင်သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် စေတီပေါင်းရှစ်သောင်းလေးထောင်တွင် တစ်ဆူပါဝင်ခဲ့သည့် စေတီငယ်အားငုံ၍ ပြင်ဆင်မွမ်းမံတည်ထားကိုးကွယ်ခဲ့ကြောင်း၊ ရွှေသာလျောင်းတောင်ထိပ်၌ တည်ထားသည့်စေတီဖြစ်သောကြောင့် ဆုတောင်းပြည့်ရွှေသာလျောင်းစေတီဟု အမည်တွင်ခဲ့ကြောင်း သိရသည်။

အနော်ရထာမင်းကြီးသည် သာသနာတော်ပြန့်ပွားရေးလုပ်ငန်းများအပြင် ကျောက်ဆည်ကိုးခရိုင်ဒေသအား နိုင်ငံတော်၏စပါးကျီဖြစ်စေရန်အတွက် ဆည်၊ မြောင်း၊ ချောင်း၊ ကန်များ တည်ဆောက်ခဲ့ကြောင်း၊ နယ်သူ၊ နယ်သားများဆန်စပါးပေါများစေရန်အတွက် နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့ရောက်တိုင်း ရွှေသာလျောင်းစေတီတော်ကြီးအား ဆွမ်းတော်ကြီးကပ်လှူပွဲပြုလုပ်ရန်နှင့် နောင်အချိန်တွင် စွယ်တော်မြတ်တင်ဆောင်သည့် ဆင်မယဉ်သာ(ဆင်ဖြူ)ကိုလည်း ငါကဲ့သို့အမှတ်ရစေရန် ဆင်အရုပ်တို့ဖြင့် အဓိဋ္ဌာန်ပြုလှူဒါန်းပူဇော်အမျှပေးဝေကြရန်မိန့်တော်မူခဲ့သည့်အတွက် သက္ကရာဇ်(၃၉၅)ခုနှစ်မှစ၍ ကျောက်ဆည်မြို့တွင် ဆင်လှူပွဲတော် စတင် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။

ဆင်လှူပွဲတော်တွင် ရှေးယခင်က ဆန်မှုန့်၊ ကောင်ညှင်းမှုန့်များဖြင့် ပြုလုပ်သည့် မုန့်ဆင်များဖြင့် လှူဒါန်းရာမှ ခေတ်ကာလကြာလာသည်နှင့်အမျှ မုန့်ဆင်ရုပ်များအပြင် စက္ကူဖြင့် ဆေးရောင်ခြယ်ပြုလုပ်သောအရုပ်ဆင်များပါ ပေါင်းစပ်လှူဒါန်းခဲ့ရာ ၁၉၂၀ ပြည့်နှစ်နောက်ပိုင်းတွင် ဆင်ချုပ်ပညာရှင်များဖြစ်သော ကျောက်ဆည်မြို့ ညောင်ခြောက်ပင်ရပ်ကွက်မှ ဆရာမြစ်၊ ဆရာငယ် ညီအစ်ကိုနှစ်ဦးက လူဝင်၍ရသော အရုပ်ဆင်များတီထွင်ပြုလုပ်ခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် ကျောက်ဆည်မြို့၏ ရိုးရာဆင်လှူပွဲတော်အပြင် ဆင်ပြိုင်ပွဲတော်ပါထည့်သွင်းကျင်းပခဲ့ရာမှ ရိုးရာဆင်ပြိုင်ပွဲတော်ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်မြို့၏ ရိုးရာဆင်လှူပွဲတော်ကို နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့တွင်ကျင်းပပြီး ဆင်အကအလှပြိုင်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ကျင်းပကြောင်း၊ ဆင်အကအလှပြိုင်ပွဲတွင်ရပ်ကွက်၊ ကျေးရွာအသီးသီးမှ ဆင်အကအဖွဲ့များက ကလေးဆင်၊ ရိုးရာဆင်၊ ဘော်ကြယ်ဆင်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ကျောက်ဆည်နယ်သူ၊ နယ်သားများကလည်း တစ်ခဲနက်ပါဝင်အားပေးသည့်အတွက် အလွန်စည်ကားသည့် ရိုးရာပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း၊ ယခုနှစ်ဆင်အကအလှပြိုင်ပွဲအား ဂုဏ်ပြုဆင်ဖြူတော်နှစ်စီးဖြင့် ဖွင့်ပွဲပြုလုပ်မည်ဖြစ်ပြီး ဆင်အကအလှပြိုင်ပွဲတွင် ဘော်ကြယ်ဆင်သုံးစီး၊ ရိုးရာဆင်ငါးစီး၊ ကလေးဆင်လေးစီး၊ သဘာဝတီထွင်ဆန်းသစ်မှုဆင်နှစ်စီး စုစုပေါင်းဆင် ၁၄ စီးတို့ဝင်ရောက်ယှဉ်ပြိုင်ကပြမည်ဖြစ်ကြောင်းနှင့် ဆင်ပြိုင်ပွဲတော်ကြီးစည်ကားသိုက်မြိုက်စေရေးအတွက် ဖျော်ဖြေရေးဆင်၅၄ စီးတို့ကလည်း နာမည်ကြီးအဆိုတော်များနှင့်အတူ ခေတ်ပေါ်တေးဂီတသံစုံတီးဝိုင်းများနှင့် မြူးမြူးကြွကြွဆင်အကများဖြင့် ကပြဖျော်ဖြေမည်ဖြစ်သည့်အတွက် အနယ်နယ်၊ အရပ်ရပ်မှ ပြည်သူများအနေဖြင့် ကျောက်ဆည်နယ်သူ၊ နယ်သားများနှင့်အတူ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ကြောင်း ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့အကျိုးပြု သန့်ရှင်းရေး ဆောင်ရွက်

**မြစ်ကြီးနား စက်တင်ဘာ ၂၈**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အကြို ပြည်သူ့အကျိုးပြုသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာလ ၂၇ ရက် နံနက်ပိုင်းတွင် ဝိုင်းမော်မြို့နယ် ရဲတပ်ဖွဲ့မှူးဦးဆောင်သည့်တပ်ဖွဲ့ဝင်များက လူမှုကူညီရေးအသင်းဝင်များနှင့်အတူ သတ်မှတ်နေရာများ၌ ကွင်းဆင်းဆောင်ရွက်ကြသည်။

ရှေးဦးစွာ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ ရွှေမိုးတောင်ဆုတောင်းပြည့်စေတီတော်ရှိ ကုန်းမြေ၌ ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ စေတီတော်ရင်ပြင်သန့်ရှင်းရေးလုပ်ငန်းတို့ကို ဆောင်ရွက်ကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်ဦးကြည်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစန်းနိုင်၊ မိုင်းနားကျေးရွာရဲကင်းမှူး ရဲအုပ်သီဟနှင့် တပ်ဖွဲ့ဝင်များ၊ "လပြည့်ဝန်း" လူမှုကူညီရေးပရဟိတအသင်း၊ "မိဘမေတ္တာ" လူမှုကူညီရေးပရဟိတအသင်းနှင့် "မြင့်မြတ်စေတနာ" လူမှုကူညီရေးပရဟိတအသင်းတို့က ပူးပေါင်းဆောင်ရွက်ကြသည်။

ထို့နောက် ဝိုင်းမော်မြို့ ရပ်ကွက်(၂)ရှိ အောင်ချမ်းသာဘုရားကြီး၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အကြို ပြည်သူ့အကျိုးပြုသန့်ရှင်းရေးလုပ်ငန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(၄၀၃)

# ကျန်းမာရေးအကျိုးကျေးဇူးများစွာရရှိနိုင်သည့် ကျွဲကောသီး

ဒေါက်တာလပြည့်ခင်



### နှလုံးကျန်းမာရေးအထောက်အကူပြုသော ကျွဲကောသီး

ကျွဲကောသီးက သွေးတွင်းအဆီဓာတ်နှစ်မျိုးဖြစ်သည့် ကိုလက်စထရောနှင့် ထရိုင်ဂရစ်စရိုဒ်တို့ကို လျော့ကျစေသည်။ ထိုအဆီဓာတ်နှစ်မျိုးစလုံးက နှလုံးကိုထိခိုက်စေသောကြောင့် နှလုံးကျန်းမာရေးကောင်းမွန်လိုပါက ကျွဲကောသီးစားပေးရန်လိုသည်။ ကျွဲကောသီးတွင် မဂ္ဂနီဆီယမ်ဓာတ်ပါဝင်သောကြောင့် နှလုံးကောင်းမွန်စွာအလုပ်လုပ်နိုင်ရန် အထောက်အကူပြုသည်။ ပိုတက်ဆီယမ်ဓာတ်များစွာပါဝင်ခြင်းသည်လည်း ခန္ဓာကိုယ်တွင်းရှိမကောင်းသည့် ကိုလက်စထရောများကို လျှော့ချပေးသည်။ သွေးထဲရှိ အဆိပ်အတောက်များကိုလည်း ဖယ်ရှားပေးနိုင်သဖြင့် နှလုံးအားကောင်းစေသည်။ ဗီတာမင်-C ပါဝင်သည့်အတွက် သွေးလွှတ်ကြောများ ဆန့်ခြင်း၊ ကျုံ့ခြင်းကို ပျော့ပျောင်းစေနိုင်သည်။ ထို့ပြင် ကျွဲကောသီးတွင် ပက်တင် (Pection)ဓာတ်ပါရှိသဖြင့် သွေးလွှတ်ကြောများ ပိတ်ဆို့မှုမဖြစ်စေဘဲ သွေးကိုကောင်းစွာ စီးဆင်းလည်ပတ်စေနိုင်သောကြောင့် နှလုံးကိုကျန်းမာစေသည်။

### သွေးတိုးကျစေသောကျွဲကောသီး

ကျွဲကောသီးတွင် တစ်နေ့တာလိုအပ်သည့် ပိုတက်ဆီယမ်ပမာဏ၏ ၃၇ ရာခိုင်နှုန်းခန့်ပါရှိသည့်အတွက် သွေးကိုပုံမှန်ဖြစ်စေသဖြင့် သွေးတိုးရောဂါရှိသူများ စားသုံးသင့်သည်။ ကျွဲကောသီးက သွေးတိုးရောဂါ ပျောက်ဆေးဝါးများထက် ပိုမိုအစွမ်းထက်သည်ဟု ဆိုသည်။ ကျွဲကောသီးတွင်ပါဝင်သည့် ပိုတက်ဆီယမ်က သွေးဖိအားကိုပုံမှန်ဖြစ်အောင် ထိန်းညှိပေးပြီး သွေးလည်ပတ်မှုကိုကောင်းစေသည့်အပြင် နှလုံးကိုဝန်အားလျှော့ချပေးပြီး နှလုံးရောဂါအန္တရာယ်များ လျော့နည်းစေနိုင်သည်။

### ဆီးချိုသမားများစားသင့်သောကျွဲကောသီး

ဆီးချိုသမားများအတွက် ကျွဲကောသီးသည် သွေးတွင်းအချိုဓာတ်ကို ကူညီလျှော့ချပေးနိုင်သည်။ အစားစားချင်စိတ်ကို လျော့နည်းစေသည့် အင်ဆူလင်ထုတ်လွှတ်မှုကိုလည်း လျှော့ချပေးပြီး အစားစားချင်စိတ်ဖြစ်ပေါ်လာသည့်အခါ ကစီဓာတ် စားချင်စိတ်ကိုလျော့နည်းစေသောကြောင့် သွေးတွင်းအချိုဓာတ်ဖြစ်ပေါ်မှုကို လျော့ပါးစေသည်။ ဆီးချိုသမားများတွင်ဖြစ်လေ့ရှိသည့် နာဗ်ကြောနှင့်ဆိုင်သည့် ပြဿနာများကိုလည်း ကျွဲကောသီးက ကူညီပေးနိုင်သည်။ ကျွဲကောသီးတွင်ပါဝင်သည့် ပိုတက်ဆီယမ်က ကြွက်သားများကို တင်းရင်းစေသဖြင့် ဆီးချိုကြောင့်ဖြစ်သော ခန္ဓာကိုယ်တွဲကျမှုကိုလျော့နည်းစေသည်။ ဆီးချိုရှိသူများ၏ခန္ဓာကိုယ်သည် လိုအပ်သည့်အာဟာရဓာတ်များကို သေချာမစုပ်ယူနိုင်သဖြင့် ချူချာသည့်ပြဿနာများအတွက်လည်း ကျွဲကောသီးက ကိုယ်ခံအားကိုဖြည့်တင်းပေးနိုင်သည်။ သွေးတွင်းအချိုဓာတ်ကိုလျှော့ချပေးသည့်အပြင် သွေးတွင်းကိုလက်စထရောကို လျှော့ချပေးသောကြောင့် သွေးတိုး၊ နှလုံးနှင့်ပတ်သက်သည့်ရောဂါများဖြစ်ပွားမှုကို လျော့ကျစေသည်။

### ကင်ဆာဆဲလ်များကိုတိုက်ဖျက်နိုင်သော ကျွဲကောသီး

ကျွဲကောသီးတွင်ပါဝင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ရင်သားကင်ဆာနှင့်အူကင်ဆာရောဂါဖြစ်ခြင်းတို့ကို တားဆီးပေးနိုင်သည်။ အီစတိုဂျင်ပါဝင်သောကြောင့် ကင်ဆာဆဲလ်များ ပြန့်ပွားခြင်းကို ထိန်းချုပ်ပေးထားပြီး အမျှင်ဓာတ်က အူမကြီးကင်ဆာမဖြစ်စေရန် စွမ်းဆောင်ပေးနိုင်သည်။ ကျွဲကောသီးတွင် ပါဝင်သည့် ဖလေဗိုနွိုက်ဓာတ်ကလည်း ပန်ကရိယ၊ ရင်သားနှင့် အူလမ်းကြောင်းစသည့်နေရာများတွင် ကင်ဆာဆဲလ်နှင့် အကျိတ်များမဖြစ်စေရန် ကူညီပေးသည်။ ကျွဲကောသီး၏အသားကို ဖုံးအုပ်ထားသော အဖြူရောင်အခွံပါးသည် အနည်းငယ်ခါးသက်သော်လည်း ကင်ဆာဆဲလ်များကို ကောင်းစွာနှိမ်နင်းနိုင်သည့်အတွက် အခွံပါးကိုစားပေးသင့်သည်။ အဖြူရောင်အခွံပါးထဲတွင် Bioflavonoid ဓာတ်ပါရှိနေပြီး ယင်းဓာတ်က ခန္ဓာကိုယ်ထဲရှိ ကင်ဆာဆဲလ်များပျံ့နှံ့မှုကို လျှော့ချပေးနိုင်စွမ်းရှိသည်။ ထို့ပြင် ခန္ဓာကိုယ်အတွက် ပိုလျှံသော အီစတိုဂျင်များကို ရှင်းလင်းပေးသောကြောင့် ရင်သားကင်ဆာဆဲလ်များပြန့်ပွားမှုကို ထိရောက်စွာ ကာကွယ်ပေးနိုင်သည်။ အစာအိမ်နှင့် မုန့်ချိုအိတ်ကင်ဆာတို့ကိုလည်း သက်သာပျောက်ကင်းစေနိုင်သည့်အပြင် အူမကြီးကင်ဆာဖြစ်မလာစေရန် တားဆီးပေးနိုင်သည်။

### ဆီးလမ်းကြောင်းပိုးဝင်မှုကိုသက်သာစေသော ကျွဲကောသီး

ကျွဲကောသီးသည် ကိုယ်ဝန်ဆောင်ချိန်ကာလအတွင်း ရောင်ရမ်းမှုကိုတွန်းလှန်ပေးနိုင်သည်။ ဆီးလမ်းကြောင်းရှိ ဗက်တီးရီးယားကြီးထွားပြန့်ပွားမှုကိုလျော့ကျစေပြီး ဆီးတွင်းမှအက်စစ်ဂုဏ်သတ္တိကို မြင့်တက်စေသည်။ ထို့ကြောင့် ကျွဲကောသီးစားခြင်းဖြင့် ဆီးလမ်းကြောင်းပိုးဝင်မှုကို သက်သာစေမည်ဖြစ်သည်။

### အနာကျက်မြန်စေသောကျွဲကောသီး

ကျွဲကောသီးသည် ဗီတာမင်-C ကြွယ်ဝသောကြောင့် အရေပြားကျုံ့ဆန့်နိုင်စွမ်းပိုကောင်းစေပြီး အနာကျက်ခြင်းကိုမြန်ဆန်စေသည့် ကော်လာဂျင်ဖြစ်တည်မှုကို အားပေးသည်။ ခွဲစိတ်ကုသမှုခံယူထားသူများအနေဖြင့် ကျွဲကောသီးနှင့် တခြားအချဉ်အရသာရှိသည့် သစ်သီးဝလံများကို စားပေးသင့်သည်။ ဗီတာမင်-C သည် အရေပြားတင်းရင်းစေသည့် ကော်လာဂျင်ဖြစ်ပေါ်မှုတွင်ပါဝင်သည့် အင်ဇိုင်းအကူဖြစ်သကဲ့သို့ အရေပြား၏ဆွဲဆန့်အားကို ကောင်းမွန်စေကာ အနာကျက်မြန်စေသော အစွမ်းသတ္တိရှိသည်။

### အရိုးများသန်မာစေသောကျွဲကောသီး

ကျွဲကောသီးတွင်ပါဝင်သည့် သတ္တုဓာတ်များသည် အရိုးဆဲလ်အသစ်ဖြစ်ပေါ်ခြင်းနှင့် အရိုးမပျက်စီးအောင် ကာကွယ်ပေးနိုင်သည်။ ကျွဲကောသီးကို မကြာခဏစားပေးခြင်းဖြင့် အရိုးပွရောဂါ၊ အရိုးပါးရောဂါဖြစ်နိုင်ခြေကိုလျော့နည်းစေပြီး အရိုးကျိုးအက်နိုင်ခြေနည်းစေသည်။

### သွားများကိုခိုင်မာစေသော ကျွဲကောသီး

ကျွဲကောသီးသည် သွားဖုံးသွေးယိုစီးခြင်းကို ကာကွယ်ပေးကာ သွားများကိုခိုင်မာစေသည်။ ခံတွင်းအနံ့ဆိုးများပျောက်ကင်းစေသည်။ အအေးမိ၊ နှာစေး၊ ချောင်းဆိုးခြင်းနှင့် ရာသီဖျားများကိုလည်း အလွယ်တကူမကူးစက်နိုင်ပေ။ ကျွဲကောသီးတွင်ပါဝင်သည့် ကော်လာဂျင်ကြောင့် သွားနှင့်သွားဖုံးများကို ကျန်းမာအောင် ထိန်းညှိပေးနိုင်သည့်အပြင် ဗီတာမင်-C ကြောင့် ဗက်တီးရီးယားပိုးဝင်ခြင်းကို ကာကွယ်ပေးနိုင်သည်။

### သတိပြုစားသင့်သောကျွဲကောသီး

မွေးရာပါဗီတာမင် -C နှင့် ဓာတ်မတည့်သူများ ကျွဲကောသီးကိုစားမိပါက အရေပြားပေါ်တွင် အဖုအပိမ့်၊ အနီစက်များထွက်ပြီး အရေပြားရောင်ရမ်းစေတတ်သည်။ အလွန်အကျွံစားသုံးမိပါက ကျောက်ကပ်ကျောက်တည်ခြင်း၊ ဝမ်းချုပ်ခြင်းစသည့် ဘေးထွက်ဆိုးကျိုးများ ဖြစ်စေနိုင်သည်။ ကျောက်ကပ်နှင့်အသည်းမကောင်းသူများ၊ သွေးပေါင်ကျတတ်သူများအနေဖြင့် ကျွဲကောသီးကို များများမစားသင့်ပေ။ အမှည့်လွန်နေသော ကျွဲကောသီးများကို မစားသင့်ပေ။

အချုပ်ဆိုရသော် ကျွဲကောသီးသည် ခန္ဓာကိုယ်ထဲရှိ အဆိပ်အတောက်များကို ဖယ်ထုတ်ပေးကာ သွေးကိုသန့်စင်စေသည်။ ကျွဲကောသီးမှန်မှန်စားသုံးပေးခြင်းဖြင့် ပင်ပန်းနွမ်းနယ်ခြင်း၊ အိပ်မပျော်ခြင်း၊ လည်ပင်းနာခြင်းနှင့် ဆီးချိုရောဂါတို့ကို သက်သာကောင်းမွန်စေသည်။ ကိုယ်ခံစွမ်းအားတိုးတက်ကောင်းမွန်စေသဖြင့် ကူးစက်ဖျားနာရောဂါများ မဖြစ်နိုင်ပေ။ ပန်းနာ၊ ရင်ကျပ်ရောဂါကို သက်သာပျောက်ကင်းစေသည်။ ကိုယ်ဝန်ဆောင်မိခင်များ ခန္ဓာကိုယ်ဖောရောင်ခြင်းအတွက် ကျွဲကောသီးစားပေးသင့်သည်။ ကျွဲကောသီးတွင် ခန္ဓာကိုယ်အတွက် လိုအပ်သည့် ဗီတာမင်၊ သတ္တုဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သောကြောင့် ကျန်းမာရေးအတွက် ကျွဲကောသီးစားသုံးသင့်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

---

# ပွင့်ဖြူမြို့နယ်၌ ငါးသယံဇာတကြွယ်ဝစေရန် ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကျင်းပ

ပွင့်ဖြူ စက်တင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဒေသတွင်း ငါးသယံဇာတကြွယ်ဝစေရန်နှင့် ပြည်သူများ ငါးစားသုံးမှုဖူလုံစေရန် ရည်ရွယ်၍ ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကိုယနေ့တွင် ပွင့်ဖြူမြို့နယ် သံကိုင်းကျေးရွာအနီး ရေဝတီမြစ်ဆိပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်စံပယ်လှိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ငါးသယံဇာတကြွယ်ဝစေရေးအတွက် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီး ငါးသားပေါက်အကောင် ၁၃၅၀၀၀ အား ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။

ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဒေသတွင်းရှိ ပြည်သူများ ငါးစားသုံးမှုဖူလုံစေရန်နှင့် ငါးသယံဇာတကြွယ်ဝစေရန် နှစ်စဉ် မြို့နယ်အတွင်းရှိ မြစ်၊ ချောင်းနှင့် ဆည်တမံများ၊ စပါးစိုက်လယ်မြေများအတွင်း ငါးမျိုးစိတ်များ စိုက်ထည့်ပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

---

## တနင်္ဂနွေနေ့ဘောလုံးပွဲရလဒ်များ

### အင်္ဂလန်ပရီးမီးယားလိဂ်

| | | |
|---|---|---|
| စပါး | ၁ - ၁ | ဝုလ်ဗ် |
| ဗီလာ | ၃ - ၁ | ဖူဟမ် |
| နယူးကာဆယ် | ၁ - ၂ | အာဆင်နယ် |

### ဂျာမန်ဘွန်ဒက်လီဂါ

| | | |
|---|---|---|
| ဖရိုင်းဘတ် | ၁ - ၁ | ဟော့ဖန်ဟိမ်း |
| ကိုလုံး | ၁ - ၂ | စတုဂတ် |

### စပိန်လာလီဂါ

| | | |
|---|---|---|
| ဗီလာရီးယဲ | ၁ - ၀ | အက်သလက်တစ် |
| ဗယ်လက်ကာနို | ၀ - ၁ | ဆီဗီလာ |
| ဘာစီလိုနာ | ၂ - ၁ | ဆိုစီဒက် |

### အီတလီစီးရီးအေ

| | | |
|---|---|---|
| ကက်ဂလီယာရီ | ၀ - ၂ | အင်တာ |
| ရိုးမား | ၂ - ၀ | ဗီရိုနာ |
| ဆက်ဆူအိုလို | ၃ - ၁ | အူဒီးနီး |

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ် နှလုံးနှင့်သွေးကြောရောဂါဆိုင်ရာ ဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေး

ပဲခူး စက်တင်ဘာ ၂၈

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံနှလုံးရောဂါပညာရှင်များအဖွဲ့မှ ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ် နှလုံးနှင့်သွေးကြောရောဂါဆိုင်ရာဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းကို စက်တင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ကျင်းပသည်။



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပဲခူးဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်၊ မြို့မိမြို့ဖများနှင့်အတူ နှလုံးနှင့်သွေးကြောရောဂါ လာရောက်ပြသကြသည့်လူနာများအား လိုက်လံကြည့်ရှု၍ အားပေးစကားများပြောကြားသည်။ ဆက်လက်၍ ဆေးဝါးပြည့်စုံလုံလောက်စွာ ပေးနိုင်ရေး ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးရုံပြသလာကြသည့် နှလုံးရောဂါလူနာ ၁၀၀၀ ကျော်အား နေ့လယ်စာကျွေးမွေးကြသည်။

အဆိုပါ ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ် နှလုံးနှင့်သွေးကြောရောဂါဆိုင်ရာ ဆေးကုသခြင်းနှင့်ကျန်းမာရေးအသိပညာပေးခြင်းကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခရိုင်၊ မြို့နယ် ၂၈ မြို့နယ်မှ နှလုံးရောဂါလူနာပေါင်း ၁၀၀၀ ကျော်အား တပ်မတော်ဆေးရုံမှ ပါမောက္ခနှင့် အထူးကုဆရာဝန်ကြီးများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးနှင့် ကန်သာယာဆေးရုံတို့မှ ပါမောက္ခနှင့် အထူးကုဆရာဝန်ကြီးများပါဝင်သည့် မြန်မာနိုင်ငံနှလုံးရောဂါပညာရှင်များအဖွဲ့မှ ပါမောက္ခ ဒေါက်တာနွယ်နွယ် ဦးဆောင်ပြီး နှလုံးရောဂါ အထူးကုဆရာဝန်ကြီး ၃၃ ဦးက လာရောက်စမ်းသပ်ကုသပေးကြခြင်းဖြစ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)



**(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်/ မိသားစုဝင် ၂၂ ဦးမှ စက်တင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ တွင် စုပေါင်းသွေးလှူဒါန်းနေစဉ်။**

မြဝတီ

# လက်ကမ်းလို့ ကြိုလျက်ပါ

❖ လူငယ်တွေ တိုးတက်ရေး
မျှော်လင့်တွေး စေတနာပို။
အပြစ်တွေ ခွင့်လွှတ်ပေး
နွေးထွေးကြိုဆို။
ကိုယ့်သွေးသား ပမာလို
အကြင်နာပို မေတ္တာနဲ့။
မိဘအိမ် အမြန်ရောက်အောင်
စောင့်ရှောက်ပို့ခဲ့။

❖ အမှားကိုပြင် အမြင်မှန်တတ်စေဖို့
စိတ်ဓာတ်ကောင်းပြုပြင်။
တိုင်းပြည်ကို အကျိုးပြုဖို့
တွေးရှုဆင်ခြင်။
လွဲမှားသည့် ဖျက်လမ်းစဉ်
အမှန်ထင် မလိုက်မိစေရေး။
နေ့စဉ်သာ သတိထားလို့
ရှောင်ရှားကြလေး။

❖ နိုင်ငံတော်အကျိုးအတွက်
မျိုးဆက်သစ်လူငယ်တွေ
လိုအပ်လှပေ။
တိုင်းပြည်ရဲ့တာဝန်တွေ
ထမ်းမသွေ လက်ဆင့်ကမ်း။
ကိုယ်ကျိုးအတွက် စွန့်ကာလေ
များတွက်ပေ မျှော်ကာမှန်း။
တို့မြန်ပြည် တိုးတက်ရေးကို
တွေးလို့လျှောက်လှမ်း။

❖ နွေးထွေးစွာ ကြိုဆိုမှု
အစဉ်ပြုတဲ့ နိုင်ငံတော်။
လူငယ်တွေကို ရွှေလက်ကမ်း
အပြုံးပန်းနဲ့မျှော်။
မိဘများလည်း တူပျော်ပျော်
လမ်းမှန်ပေါ် ရောက်ရှိရေး။
ကြိုဆိုကာ ရွှေလက်ကမ်းတယ်
လှမ်းလာကြလေး။ ။

**မောင်မောင်အေး(ဘိုကလေး)**

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၉-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၀၉:၀၀ | Soft Skill |
| ၄။ | ၁၁:၀၀ | တစ်ချိန်ကသူတို့အကြောင်း |
| ၅။ | ၁၄:၀၀ | မှတ်သားလိုက်နာပုံပမာ |
| ၆။ | ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၇။ | ၁၉:၀၀ | **(၆၁)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း ကြိုး(အပိုင်း-၂) သရုပ်ဆောင်-ရန်အောင်၊ မေသန်းနု၊ နက္ခတ် ဒါရိုက်တာ-အကယ်ဒမီတင်အောင်စိုး (ပန်းမြို့တော်)** |

### MWD Variety Channel

၂၉-၉-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၁၁:၃၀ | လူငယ်များရဲ့စွမ်းပကားနိုင်ငံတော်ရဲ့အား |
| ၂။ | ၁၂:၃၅ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၃။ | ၁၄:၂၅ | သတိမမူ ဂူမမြင် |
| ၄။ | ၂၁:၀၅ | မှတ်တမ်းအစီအစဉ် |

### MWD Education, Knowledge & Sports Channel


၂၉-၉-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade – 6 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၁၅ | Grade – 6 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၁၅ - ၁၇:၁၅ | Grade – 6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |
| ၄။ | ၁၇:၁၅ - ၁၈:၀၀ | Grade – 3 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၈:၀၀ - ၁၉:၃၀ | Grade – 3 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |


➤ ကျောဖုံးမှအဆက်

အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၇၅ မိုင်နှုန်းခန့်ဖြစ်သည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်း “ဘူအလွိုင်” သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကမ်းခြေဒေသများကို ဗင့်မြို့နှင့် ဒါနန်းမြို့တို့ကြား ဒုံဟွိုင်မြို့အနီးမှအားကောင်းသော အပူပိုင်းမုန်တိုင်း“ဘူအလွိုင်”အဖြစ်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ ထိုမှတစ်ဆင့် စက်တင်ဘာလ ၂၉ ရက်တွင် ဗီယက်နမ်နိုင်ငံနှင့်လာအိုနိုင်ငံနယ်စပ်တို့ကို အပူပိုင်းမုန်တိုင်း “ဘူအလွိုင်”အဖြစ်ဖြင့်လည်းကောင်း၊ စက်တင်ဘာလ ၃၀ ရက်တွင် လာအိုနိုင်ငံကို အပူပိုင်းမုန်တိုင်းငယ်အဖြစ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံကို လေဖိအားနည်းဆဲလ်အဖြစ် လည်းကောင်း ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။




Japan Meteorological Agency (JMA) မှ တိုင်ဖွန်းမုန်တိုင်း “ဘူအလွိုင်”(BUALOI) လမ်းကြောင်းပြပုံ




အဆိုပါ တိုင်ဖွန်းမုန်တိုင်း“ဘူအလွိုင်” (BUALOI)မှပြတ်ထွက်လာသောတိမ်တိုက်များကြောင့် ယနေ့ညနေမှ အောက်တိုဘာလ ၁ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့်ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

---

## အထူးမိုးလေဝသ သတင်း

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းဖြစ်ပေါ်နိုင်








**နေပြည်တော် စက်တင်ဘာ ၂၈**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ တောင်တရုတ် ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသောတိုင်ဖွန်းမုန်တိုင်း “ဘူအလွိုင်” (BUALOI)မှပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ အောက်တိုဘာလ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင်ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**




---

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၂၈-၉-၂၀၂၅

| | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဟိုင်းကြီးကျွန်း | ၆ | ဒသမ | ၀၂ | လက်မ | ကျိုက်မရော | ၃ | ဒသမ | ၆၂ | လက်မ | ကွမ်းခြံကုန်း | ၂ | ဒသမ | ၂၄ | လက်မ | ကျိုက်လတ် | ၂ | ဒသမ | ၁၀ | လက်မ |
| ကြာအင်းဆိပ်ကြီး | ၄ | ဒသမ | ၇၆ | လက်မ | ကန်ကြီးထောင့် | ၂ | ဒသမ | ၈၁ | လက်မ | ကမမောင်း | ၂ | ဒသမ | ၂၀ | လက်မ | မကွေး | ၁ | ဒသမ | ၉၃ | လက်မ |
| | | | | | မြိတ် | ၂ | ဒသမ | ၃၇ | လက်မ | ပေါင် | ၂ | ဒသမ | ၂၀ | လက်မ | ထားဝယ် | ၁ | ဒသမ | ၉၀ | လက်မ |

# အနာဂတ်နိုင်ငံ့ခရီးအတွက် ခြေလှမ်းတိုင်းသည် အောင်မြင်မှုမှတ်တိုင်ဖြစ်

ငြိမ်းချမ်းအောင်(ရတနာပုံ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ် ၂၀၂၅ ခုနှစ်စက်တင်ဘာလ ၂၄ ရက်တွင်သွားရောက်ခဲ့ပြီး ထိုမှတစ်ဆင့်စက်တင်ဘာလ ၂၇ ရက်တွင်ကာဇက်စတန်သမ္မတနိုင်ငံသို့ တရားဝင်သွားရောက်ခဲ့သည်။



နိုင်ငံတော်အကြီးအကဲ၏ ရုရှားခရီးစဉ်အတွင်း မော်စကိုမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် “ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် (World Atomic Week Forum )” ၏ မျက်နှာစုံညီထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်မိန့်ခွန်းပြောကြားခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခြင်းများကို မနေမနားကြိုးပမ်းဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရောက်ရှိသည့်အရပ်တွင်ရှိသည့်အချိန်ကို စက္ကန့်နှင့်အမျှတန်ဖိုးထားကာ အမိနိုင်ငံနှင့်ပြည်သူအကျိုးအတွက် ဆောင်ရွက်နိုင်ခဲ့သည်။ ပင်ပန်းသည်၊ နွမ်းနယ်သည်ဟူသောပုံစံအမူအရာများ နိုင်ငံတော်အကြီးအကဲ၏မျက်နှာပေါ်တွင် အရိပ်အယောင်ပင်မမြင်ရ။ စက်တင်ဘာလ ၂၇ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ရာ ကာဇက်စတန်သမ္မတနိုင်ငံ အက်စတာနာလေဆိပ်သို့ ရောက်ရှိခဲ့ပြီး ကာဇက်စတန်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁)Mr. Roman Sklyar၊ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Margulan Baimukhan နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ ကာဇက်စတန်သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ကလည်း နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ နိုင်ငံတော်အဆင့်ကြိုဆိုမှုကို စနစ်တကျပြင်ဆင်ထားသည်ကိုတွေ့ရပြီး နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လာရောက်မှုအပေါ် အထူးပင်အလေးအနက်ထားကြောင်းတွေ့ရသည်။

ကာဇက်စတန်နိုင်ငံသည် အလယ်အာရှနှင့် အရှေ့ဥရောပတွင်တည်ရှိပြီး ကမ္ဘာ့အကြီးဆုံးကုန်းတွင်းပိတ်နိုင်ငံဖြစ်သည်။ ဧရိယာစတုရန်း ကီလိုမီတာ ၂၇၂၇၃၀၀ (ဧရိယာစတုရန်းမိုင် ၁၀၅၃၀၀၀) ကျယ်ဝန်းပြီး ကမ္ဘာပေါ်တွင် နဝမမြောက် အကြီးဆုံးနိုင်ငံဖြစ်သည်။ မြောက်ဘက်နှင့် အနောက်ဘက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ဘက်တွင် ကာဂျစ်စတန်နိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ တာ့ခ်မင်နစ္စတန်နိုင်ငံ၊ အေရယ်လ်ပင်လယ်(Aral Sea)တို့နှင့်လည်းကောင်း၊ အနောက်ဘက်တွင် ကတ်စပီယန်ပင်လယ် (Caspian Sea)နှင့်လည်းကောင်း နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ ကာဇက်စတန်နိုင်ငံသည် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ကာဇက်ဘာသာစကားမှာ ရုံးသုံးဘာသာစကားဖြစ်သည်။ လက်ရှိမြို့တော်အမည်မှာ Astana ဖြစ်ပြီး မြို့တော်၏အမည်ကို ၂၀၁၉ ခုနှစ်မတ်လ ၂၃ ရက်မှစတင်ပြီး Nur-Sultan ဟုပြောင်းလဲခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် မူလနာမည် Astanaကို ပြန်လည်ပြောင်းလဲသတ်မှတ်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတနန်းတော်သို့ ရောက်ရှိခဲ့ရာ နန်းတော်သို့အဝင်တွင် ဂုဏ်ပြုတပ်ဖွဲ့က ဂါရဝပြုကြိုဆိုပြီး ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ H.E.Mr. Kassym-Jomart Tokayev က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် သမ္မတနန်းတော် ညှိနှိုင်းခန်းမဆောင်၌ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ H.E.Mr. Kassym-Jomart Tokayev နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။



ဆွေးနွေးပွဲအစတွင် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့ဝင်များအား ကာဇက်စတန်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း၊ အဆွေတော်သည် ကာဇက်စတန်နိုင်ငံသို့ ပထမဦးဆုံးလာရောက်သည့် မြန်မာနိုင်ငံမှ ခေါင်းဆောင်တစ်ဦးလည်းဖြစ်ပါကြောင်း၊ မြန်မာသည် နိုင်ငံသမိုင်းကြောင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် ပထဝီဝင်အနေအထားအရ အချက်အချာကျသည့်နေရာတွင်တည်ရှိနေသည်ကို လေ့လာသိရှိရပါကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ တောင်ဘက်တွင်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မိမိတို့ကာဇက်စတန်နိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံဘက်မှကြည့်မည်ဆိုပါက logistic ပိုင်းဆိုင်ရာလုပ်ငန်းများကို အကောင်းဆုံး ဖြတ်သန်းဆောင်ရွက်နိုင်သည့်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ရုရှားနိုင်ငံသာမက အရှေ့တောင်အာရှနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်အကြီးအကဲကလည်း မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယခုကဲ့သို့လှိုက်လှဲနွေးထွေးစွာကြိုဆိုပြီး ညှိဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကာဇက်စတန်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများနှင့်သာယာလှပမှုများကို မျက်ဝါးထင်ထင်တွေ့မြင်ရသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရန်၊ အမြင်ချင်းဖလှယ်နိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကိုတိုးမြှင့်ပြီး ပူးပေါင်းဆောင်ရွက်မှုများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တွန်းအားတစ်ခုဖြစ်စေလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ နှစ်နိုင်ငံ၏ ပထဝီအနေအထားမှာဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍပေါင်းစုံတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားလိုကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးသည့်အကြောင်းအရာများသည်ကုန်သွယ်ရေးနှင့်ကူးသန်းရောင်းဝယ်ရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကဏ္ဍ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကဏ္ဍတို့အပါအဝင်ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာဖြင့်အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **စာမျက်နှာ ၁၂ သို့** ❑



**❑ စာမျက်နှာ ၁၁ မှအဆက်**

နိုင်ငံတော်အကြီးအကဲသည် ရသမျှအချိန်ကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစွာဆွေးနွေးနိုင်ခဲ့သည်ကိုတွေ့ရှိရပြီး မိမိနိုင်ငံအတွက် အမြဲစေတနာထားကာ ဆောင်ရွက်နေသည်ကိုတွေ့ရှိရသည်။

နိုင်ငံတော်အကြီးအကဲ၏ ကာဇက်စတန်နိုင်ငံခရီးစဉ်တွင် ထူးခြားလေးနက်မှုနှစ်ချက်ရှိပါသည်။ ပထမအချက်မှာ နိုင်ငံတော်အကြီးအကဲသည် ကာဇက်စတန်နိုင်ငံသို့ ပထမဦးဆုံးလာရောက်သော မြန်မာခေါင်းဆောင်တစ်ဦးဖြစ်ခြင်းပင်။ မည်သည့်လုပ်ငန်းမဆို ပထမဦးဆုံးစတင်သူတို့သည် အခြားသူတို့ထက် တစ်မူထူးခြားသူများဟုဆိုနိုင်ပါသည်။ ပထမဦးဆုံးဆိုသူတို့သည် သတ္တိရှိသူ၊ ကြိုးပမ်းရသူ၊ အခက်အခဲကို ရင်ဆိုင်ရသူများဖြစ်သည့်အတွက် နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံတော်အတွက် ဆောင်ရွက်ချက်တို့သည် **ရာဇဟူက ပြည့်မိဘသို့** ဟူသည့်အတိုင်း နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ကျေးဇူးကြီးမားလှပါသည်။

နောက်ထူးခြားချက်မှာ မြန်မာခေါင်းဆောင်များအနက် ကာဇက်စတန်ကို ပထမဆုံးရောက်ဖူးခြင်းဖြစ်သော်လည်း ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym–Jomart Tokayev နှင့် နိုင်ငံတော်အကြီးအကဲတို့၏ချစ်ကြည်ရင်းနှီးမှုကို အတိုင်းသားတွေ့မြင်ရသည်။ နိုင်ငံတော်အကြီးအကဲ ဆွေးနွေးပွဲမှပြန်လည်ထွက်ခွာချိန်တွင် “ငါတို့မင်းမျိုး ကိုယ့်အကျိုးထက် ပြည်ကျိုးကိုသာ ပြုအပ်စွာ၏” ဟူ၍ တိုင်းပြည်အကျိုးကို အစဉ်ဦးထိပ်ထားသော မိမိတို့အကြီးအကဲအပေါ် မိတ်ဆွေကောင်းတစ်ယောက်ဟုမှတ်ယူကာ ခင်မင်လေးစားမှုနှင့်အတူ ကာဇက်စတန်သမ္မတက စီးနင်းမည့်မော်တော်ယာဉ်နားအထိ ရင်းရင်းနှီးနှီး လိုက်ပါပို့ဆောင်နှုတ်ဆက်မှုမြင်ကွင်းကို တွေ့မြင်ခဲ့ရသည်။ ထိုမြင်ကွင်းမှသည် ချစ်ကြည်ရင်းနှီးမှုတို့နှင့်အတူ ပေါက်ဖွားလာသော မေတ္တာတရားများဖြင့် နွေးထွေးစွာဖွဲ့ယှက်နေမှုကို ကြည်ကြည်နူးနူးခံစားတွေ့မြင်ရပါသည်။

စက်တင်ဘာလ ၂၇ ရက် ညပိုင်းက နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အက်စတာနာမြို့ရှိ Baiterek သမိုင်းဝင်အထိမ်းအမှတ်အဆောက်အဦလေ့လာရေးမျှော်စင်နှင့် အက်စတာနာမြို့ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

ဘိုင်တီရက်(Baiterek) သမိုင်းဝင် အထိမ်းအမှတ်အဆောက်အဦလေ့လာရေးမျှော်စင်သည် ၁၉၉၇ ခုနှစ်တွင် ကာဇက်စတန်၏မြို့တော် အက်စတာနာအဖြစ် ပြောင်းရွှေ့မှုအဖြစ်သင်္ကေတပြုသော သမိုင်းဝင်အဆောက်အဦဖြစ်ပြီး နိုင်ငံ၏သင်္ကေတနှင့် ခေတ်သစ်ဗိသုကာလက်ရာ၏ ထင်ရှားသောမှတ်တိုင်နေရာတစ်ခုဖြစ်သည့်အပြင် ကာဇက်စတန်လူမျိုးများ၏ ဘဝသစ်စတင်ရာနေရာတစ်ခုလည်းဖြစ်သည်။ ဘိုင်တီရက်(Baiterek)သည် အမြင့် ၉၇ မီတာ (၃၁၈ ပေ) ရှိပြီး အပေါ်ဘက်တွင်ရှိသော ဖန်ဘောလုံးကြီးအား တိုင် ၅၀၀ ဖြင့် အောက်မှပင့်တင်ထားသည့် ပုံစံမျိုးတည်ဆောက်ထားကာ ထောင့်အမျိုးမျိုးမှ ရုတ်တရက်ကြည့်မည်ဆိုလျှင် ရွှေဖြင့်ပြုလုပ်ထားသည်ဟုထင်ရပါသည်။ ဘိုင်တီရက်သည် ကာဇက်စတန်၏ ယဉ်ကျေးမှု၊ ဒဿနိကနှင့် ခေတ်သစ်တိုးတက်မှုတို့ကိုပေါင်းစပ်ထားသော အံ့ဖွယ်အဆောက်အဦတစ်ခုဖြစ်ကာ ငြိမ်းချမ်းမှု၏ပြယုဂ်တစ်ခုလည်းဖြစ်ပါသည်။

စက်တင်ဘာလ ၂၈ ရက်နေ့ ....။ ရာသီဥတုမှာ မိုးများဖွဲဖွဲရွာသွန်းနေလျက်ရှိသည်။ လေတစ်ချက်အဝှေ့စိမ့်နေအောင်အေးလေသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် Astana International Financial Center (AIFC) သို့ သွားရောက်၍ ကြည့်ရှုလေ့လာခဲ့ကြသည်။ AIFC ဥက္ကဋ္ဌ Mr. Bakhtiyar Tleubekov နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အကြား ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ စက်မှုလက်မှုနှင့် ကုန်သွယ်ရေးအလိုက် လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

Astana International Financial Center (AIFC) သည် Astana မြို့တွင်တည်ရှိသည့် ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကာဇက်စတန်နိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကမ်းလှမ်းနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ထားခြင်းဖြစ်သည်။ Belt and Road Initiative (BRI) စီမံကိန်းတို့နှင့် ချိတ်ဆက်လုပ်ဆောင်လျက်ရှိသည့် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး အာရှအလယ်ပိုင်းဒေသမှအစပြု၍ အရှေ့အလယ်ပိုင်းဒေသ၊ တရုတ်နိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံတို့အထိ ကမ္ဘာအနှံ့ဖြန့်ကြက်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးမူဝါဒများချမှတ်၍လည်းကောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များချမှတ်၍လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွင်း စီးပွားရေးကွန်ရက် ပိုမိုအားကောင်းလာသည်နှင့်အမျှ နိုင်ငံ၏ စီးပွားရေးအခြေအနေသည်လည်း ပိုမိုအားကောင်းလာကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ AIFC သို့ သွားရောက်ခဲ့မှုသည် မိမိတို့နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးများစွာရှိကြောင်း နိုင်ငံတော်အကြီးအကဲ၏ စိတ်ဝင်တစားစူးစမ်းမေးမြန်းမှုများနှင့် လေ့လာဆွေးနွေးမှုများက ဖော်ညွှန်းလျက်ရှိသည်။

အထူးသဖြင့် AIFC ၏ လုံခြုံစိတ်ချရသော ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်နိုင်မှုစနစ်သည် မြန်မာနိုင်ငံအနေဖြင့် မိမိ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာမှုကောင်းတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာနှင့်ချိတ်ဆက်မှုအတွက် အထောက်အကူပြုမည့် ခြေလှမ်းတစ်ခုလည်းဖြစ်ပါသည်။



နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်နှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်သည် ပိရမစ်ပုံစံဒီဇိုင်းရေးဆွဲတည်ဆောက်ထားသည့် ခေတ်မီအဆောက်အအုံတစ်ခုဖြစ်ကာ စုစုပေါင်း ဧရိယာစတုရန်းပေ ၃၀၀၀၀၀ (စတုရန်းမီတာ ၂၈၀၀၀)ကျယ်ဝန်းပြီး ၆၂ မီတာ(၂၀၃ ပေ)မြင့်သော ခမ်းနားထည်ဝါသည့်အဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ ဘာသာရေးအခမ်းအနားများအပြင် ဖျော်ဖြေပွဲများ၊ ရုပ်ရှင်ပွဲတော်များနှင့် အမျိုးသားရေးညီလာခံအခမ်းအနားများကျင်းပရာ အဆောက်အအုံတစ်ခုလည်းဖြစ်ပြီး ကာဇက်စတန်နိုင်ငံအတွက် အရေးပါသောနေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ကာဇက်စတန်နိုင်ငံအမျိုးသားပြတိုက်သည် အာရှအလယ်ပိုင်းတွင် အကြီးမားဆုံးနှင့် အဆန်းသစ်ဆုံးပြတိုက်တစ်ခုဖြစ်ကာ ၂၀၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြတိုက်တွင် ခန်းမ ၁၁ ခုပါဝင်ပြီး အဆိုပါခန်းမများတွင် ယခင်ခေတ်မှ ယခုအချိန်ထိဖြစ်ပေါ်ခဲ့သော ကာဇက်စတန်နိုင်ငံ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုများစွာကို ပုံဖော်ပြသထားကြောင်း၊ အမျိုးသားပြတိုက်အား အပတ်စဉ် တနင်္လာနေ့တိုင်းပိတ်၍ အင်္ဂါနေ့မှ တနင်္ဂနွေနေ့အထိ ၁၀၀၀ နာရီမှ ၁၈၀၀ နာရီအထိ ဖွင့်လှစ်ထားရှိကြောင်း၊ လာရောက်လေ့လာကြသူများအနေဖြင့် ကာဇက်စတန်နိုင်ငံ၏ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကို သိရှိနိုင်ရန်အတွက် ကာဇက်စတန်ဘာသာစကား၊ ရုရှားဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားများဖြင့် ရေးသားဖော်ပြထားသည်ကိုတွေ့ရှိရသည်။

နိုင်ငံတော်အကြီးအကဲ၏ ကာဇက်စတန်ခရီးစဉ်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချလျက် နိုင်ငံ၏ အထင်ကရနေရာများဖြစ်သော ဘိုင်တီရက်(Baiterek) သမိုင်းဝင်အထိမ်းအမှတ်အဆောက်အဦ လေ့လာရေးမျှော်စင်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနန်းတော်နှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်လေ့လာခဲ့သည်။ ကာဇက်စတန်နိုင်ငံ၏ ဂုဏ်ဆောင်ဖြစ်သော ယဉ်ကျေးမှုအမွေအနှစ်များလည်းဖြစ်ပါသည်။ ထိုသို့လေ့လာမှုများမှတစ်ဆင့် မြန်မာနိုင်ငံအတွက်လည်း အစဉ်အလာကြီးမားမြင့်မြတ်ခဲ့သော ယဉ်ကျေးမှုသမိုင်းကြောင်းကိုဂုဏ်ယူစွာထိန်းသိမ်းရင်း မိမိနိုင်ငံ၏ မူဝါဒများနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲသည် ကာဇက်စတန်ခရီးစဉ်အတွင်း ရရှိသည့်အချိန်အတွင်းမှာပင် နိုင်ငံနှင့်လူမျိုးအတွက် ကောင်းမွန်သည့်အကျိုးရလဒ်များ ရရှိနိုင်စေရန် အကျိုးရှိသည့်ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရသည်။ နိုင်ငံတော်အကြီးအကဲ၏ခြေလှမ်းများသည် အနာဂတ်မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်မြစ်များချပေးခြင်းလည်းဖြစ်သည်။ ဆိုရလျှင် အနာဂတ်မြန်မာနိုင်ငံခရီးအတွက် နိုင်ငံတော်အကြီးအကဲ၏ခြေလှမ်းတိုင်းသည် အောင်မြင်မှုမှတ်တိုင်စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# တစ်ဦးချင်းစွမ်းဆောင်ရည်များနှင့်အတူ လုပ်ငန်းခွင်ပျော်ရွှင်မှု

ဆုလတ်မေ

လုပ်ငန်းခွင်ပျော်ရွှင်မှုဆိုသည်မှာ ဝန်ထမ်းများ အလုပ်တွင်ခံစားရသည့် အလုံးစုံသောစိတ်ချမ်းသာမှုနှင့် ရောင့်ရဲမှုကို ရည်ညွှန်းသည်။ ၎င်းတို့လုပ်ဆောင်သည့်အလုပ်များကို ပျော်မွေ့ရုံသာမက လူတစ်ဦးချင်းစီ၏ လုပ်ငန်းခွင်ပတ်ဝန်းကျင်တွင် တန်ဖိုးထားမှု၊ စိတ်အားထက်သန်မှုနှင့် ပံ့ပိုးမှုကိုဖြစ်စေသည့် စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးနှင့် လက်တွေ့ကျသောအချက်များ ပေါင်းစပ်မှုတစ်ခုဖြစ်သည်။ လုပ်ငန်းခွင်ပျော်ရွှင်မှုသည် ဝန်ထမ်းများအား တန်ဖိုးထားမှု၊ လေးစားမှုနှင့် ထိတွေ့ဆက်ဆံမှုတို့ကို ခံစားရသည့် ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြစ်ပြီး ၎င်းတို့၏အလုပ်လုပ်နိုင်မှုစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ပြီး ပိုမိုအပြုသဘောဆောင်သော အဖွဲ့အစည်းယဉ်ကျေးမှုကို ဦးတည်စေသည်။

ကောင်းမွန်ပျော်ရွှင်သော လုပ်ငန်းခွင်ဘဝတစ်ခု ဖန်တီးနိုင်ရန် ကိုယ်ခန္ဓာကျန်းမာရေးအတွက် အာဟာရညီညွတ်စွာ စားသောက်ခြင်း၊ လေ့ကျင့်ခန်းပုံမှန်လုပ်ခြင်းနှင့် စိတ်ဖိစီးမှုသက်သာရန် အနားယူချိန်သတ်မှတ်ခြင်းစသည့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရေးကို ဂရုစိုက်ရမည်ဖြစ်သည်။ လုပ်ငန်းနှင့်ကိုက်ညီသော ရေတိုနှင့်ရေရှည်ရည်မှန်းချက်များကိုလည်း ထားရှိပြီး မိမိတတ်မြောက်သည့်အရာကို လုပ်ကိုင်ခြင်းက စိတ်ကျေနပ်မှုပေးနိုင်သည်။ မိသားစု၊ သူငယ်ချင်းများနှင့်အချိန်ပေးပြီး အလုပ်နှင့်ပုဂ္ဂလိကဘဝ (Work–Life Balance) ကို ထိန်းသိမ်းခြင်းသည် လုပ်ငန်းခွင်တွင် ပျော်ရွှင်မှုကိုရရှိစေသည်။ လုပ်ဖော်ကိုင်ဖက်များ၊ အလုပ်ခေါင်းဆောင်များနှင့် ရင်းနှီးသောဆက်ဆံရေးကိုတည်ဆောက်ပြီး အောင်မြင်မှုအတွက် အဖွဲ့လိုက်ပူးပေါင်းလုပ်ဆောင်ခြင်း၊ အလုပ်အတွက်လိုအပ်သော Skill များကို စဉ်ဆက်မပြတ်လေ့လာခြင်း၊ အခက်အခဲများကို စိန်ခေါ်မှုအဖြစ်ရှုမြင်ခြင်း၊ အပြုသဘောဆောင်သော ခံယူချက်ထားရှိကာ လုပ်ငန်းခွင်ပျော်ရွှင်မှုကို မြှင့်တင်ခြင်း၊ သက်သောင့်သက်သာရှိသော ရုံးခန်းနှင့် ပတ်ဝန်းကျင်ကိုဖန်တီးခြင်း စသည်တို့သည် မိမိလုပ်ငန်းခွင်ဘဝကို ပိုမိုပျော်ရွှင်စွာ ဖြတ်သန်းနိုင်မည်ဖြစ်သည်။

**စေတနာထား၍ အလုပ်လုပ်ပါ**

လုပ်ငန်းခွင်တစ်ခုတွင် လုပ်ကိုင်ဆောင်ရွက်ပုံချင်းတူသော်လည်း လုပ်ငန်းခွင်ပျော်ရွှင်မှုရပုံချင်း မတူညီနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဝန်ထမ်းတစ်ဦးချင်း၏ ရည်မှန်းချက်မတူသလို နောက်ခံအကြောင်းအရာများ၊ လတ်တလောရင်ဆိုင်နေရသည့် အခက်အခဲကို ဖြတ်ကျော်ပုံနှင့် အတွေးအမြင်များသည် မတူညီကြ၍ဖြစ်သည်။ လုပ်ငန်းခွင်အောင်မြင်ပျော်ရွှင်စေရန် ဝန်ထမ်းတစ်ဦးချင်းစီက ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။ လုပ်ငန်းခွင်ပျော်ရွှင်မှုသည် ရာထူး၊ အသက်အရွယ်၊ ဆင်းရဲချမ်းသာနှင့် မသက်ဆိုင်ဘဲ ကိုယ်တိုင်၏ အချိန်သုံးပုံတစ်ပုံသည် လုပ်ငန်းခွင်၌ ကုန်ဆုံးနေရသောကြောင့် လုပ်ငန်းခွင်ပျော်ရွှင်ရေးသည် ဝန်ထမ်းများအတွက် အရေးပါသည့်ကိစ္စဖြစ်သည်။

ဝန်ထမ်းများသည် လုပ်ငန်းခွင်ပျော်ရွှင်ရန်အတွက် မိမိရည်ရွယ်ချက်ကို အမြဲစဉ်းစားသင့်သည်။ မိမိရည်ရွယ်ချက်ကို အမြဲစဉ်းစားပြီး လုပ်ငန်းခွင်၌ လိုက်လျောညီထွေနေထိုင်ပါက မိမိအလုပ်သည် မိမိ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်ကြောင်း သိရှိလာမည်ဖြစ်သည်။ ထို့ပြင် ဝန်ထမ်းအချင်းချင်းကြားတွင် အပြုသဘောဆောင်သော ဆက်ဆံရေးထူထောင်သင့်သည်။ အလုပ်နှင့်ကိုယ်ရေးကိုယ်တာကိုလည်း မျှတအောင်ထိန်းညှိရမည်ဖြစ်သည်။ အလုပ်နှင့် မိမိကိုယ်ရေးကိုယ်တာကို မရောစေရန် သတိပြုရမည်ဖြစ်သည်။ ထို့ပြင် ဘဝတိုးတက်မှုနှင့် ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွမ်းကျင်မှုနှင့် အသိပညာ

> **ခေတ်နှင့်လျော်ညီစွာ ပညာကိုအမြဲဆည်းပူးလေ့လာနေရမည်။ လုပ်ငန်းခွင်၌ လူငယ်များအနေဖြင့် လုပ်နိုင်ကိုင်နိုင်မှု၊ စဉ်းစားတွေးခေါ်နိုင်မှု၊ နည်းပညာပိုင်းတွင် ကျွမ်းကျင်မှုများနှင့် ပြုမူနေထိုင်ကြမည်ဆိုပါလျှင် လုပ်ငန်းခွင်အတွက် ပိုမိုကောင်းမွန်သည့် အကျိုးဆက်များကို ရရှိစေနိုင်မည်ဖြစ်သည်။ ထိုသို့ပိုမိုကောင်းမွန်အောင်မြင်လာပါက လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်လာမည်ဖြစ်သည်။**

အသစ်များကို သင်ယူသင့်သည်။ လုပ်ငန်းခွင်အတွင်း တာဝန်နှင့်ရပိုင်ခွင့်တို့ ဟန်ချက်မညီ မမျှတမှုသည် လုပ်ငန်းခွင်၌ စိတ်ညစ်ညူး၊ အဆင်မပြေမှုများကို ဖြစ်ပေါ်စေသည်။ တာဝန်ပဲယူနေရပြီး ရပိုင်ခွင့်ကို အခြားသူတစ်ဦးက ရရှိနေခြင်းက လုပ်ငန်းခွင်စိတ်ပျက်မှုကိုဖြစ်စေသည်။ လုပ်ငန်းခွင်သည် တစ်ဦးကောင်းတစ်ယောက်ကောင်းဖြင့် လုပ်ကိုင်ရန်မဖြစ်နိုင်သည့်အတွက် လုပ်ဖော်ကိုင်ဖက်၏ အောင်မြင်မှုသည်လည်း မိမိ၏အောင်မြင်မှုဟု မုဒိတာပွားနိုင်ရန် အရေးကြီးသည်။

လုပ်ငန်းခွင်တွင် တစ်ဦးချင်းစီ၏ ပျော်ရွှင်မှုသည် အရေးကြီးဆုံးအရာများထဲမှ တစ်ခုဖြစ်သည်။ တစ်ဦးချင်းပျော်ရွှင်မှုရရှိစေရန် မိမိလုပ်ငန်းတာဝန်ကို ချစ်ခြင်း၊ မိမိလုပ်ရသောအလုပ်ကို တန်ဖိုးရှိကြောင်း ခံစားနိုင်ခြင်းတို့သည် ပျော်ရွှင်မှု၏အဓိကအချက်များဖြစ်သည်။ တစ်ဦးချင်းစီ၏ ပျော်ရွှင်မှုသည် မိမိကိုယ်တိုင်သာမက ပတ်ဝန်းကျင်ကိုလည်း အကျိုးရှိစေသည်။ မိမိအလုပ်ကို စိတ်အားထက်သန်စွာ လုပ်ကိုင်သောသူများသည် အဖွဲ့အစည်းအတွက် ထိရောက်မှုမြင့်မားစေပြီး သာယာသောလုပ်ငန်းခွင်တစ်ခုကို ဖန်တီးနိုင်သည်။ ကိုယ်ချင်းစာတရားထားရာတွင် လူတစ်ဦးတစ်ယောက်က မိမိကိုနစ်နာအောင်၊ နာကျင်အောင်လုပ်ခြင်းကိုမကြိုက်လျှင် သူတစ်ပါးကိုလည်း နစ်နာအောင်၊ နာကျင်အောင် မိမိအနေဖြင့် မပြုလုပ်သင့်ပေ။ ထို့ပြင် မိမိ၏ပတ်ဝန်းကျင်တွင်ရှိသည့် လူများကို တတ်နိုင်သလောက် အကျိုးကိုမမျှော်ကိုးဘဲ ကူညီပေးသင့်သည်။ စေတနာသန့်သန့်ဖြင့် ကူညီဆောင်ရွက်ပေးခြင်း၊ အလုပ်ကိုစေတနာထားပြီး လုပ်ခြင်းသည် တစ်ချိန်ကျလျှင် မိမိကိုပြန်ပြီး ကောင်းကျိုးပေးမည်ဖြစ်သည်။

အလုပ်လုပ်ရာတွင်လည်း မတူသည်များကို ဖယ်ထားပြီး တူညီသည်များကို ပေါင်းစပ်အောင်မြင်အောင်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ပြင် မည်သူနှင့်မျှမပြိုင်ဘဲ မိမိကိုယ်မိမိ ပြိုင်ရမည်ဖြစ်သည်။ ညအိပ်ရာဝင်လျှင်မိမိကောင်းကျိုး၊မိသားစုကောင်းကျိုး၊ ပတ်ဝန်းကျင်ကောင်းကျိုး မည်မျှလုပ်ခဲ့မိသည်ဆိုသည်ကိုစဉ်းစားပြီးမှအိပ်သည့်အကျင့်ကိုဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အတူ မနာလိုမှု(ဝန်တိုမစ္ဆရိယစိတ်) အတတ်နိုင်ဆုံးကင်းအောင် နေထိုင်သွားကြရမည်ဖြစ်သည်။ မနာလိုမှု(ဝန်တိုမစ္ဆရိယစိတ်)ရှိလျှင် လုပ်ငန်းခွင်တွင် မည်သည့်နည်းနှင့်မျှ အဆင်ပြေနိုင်မည်မဟုတ်ပေ။ မနာလိုမှု(ဝန်တိုမစ္ဆရိယစိတ်)သည် သူတစ်ပါးကို ဒုက္ခမပေးမီ မိမိကိုယ်ကိုဦးစွာပူလောင်စေပြီး ဒုက္ခပေးစေသည်။

လုပ်ငန်းခွင်၌ စကားရှုပ်ခြင်းသည် လုပ်ငန်းခွင်အတွင်း အဆင်မပြေမှုကိုဖြစ်စေသည်။ ထို့အတူ အဓိပ္ပာယ်မရှိသော အကြောင်းအရာများကို ပြိုင်ဆိုင်ငြင်းခုံခြင်းသည် လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေမှုကိုရရှိစေသည်။ ထို့ကြောင့် များများနားထောင် ပါးစပ်စည်းကိုစောင့်ထိန်းခြင်းသည် အကောင်းဆုံးဖြစ်သည်။ ထို့ပြင် မည်သည့်အသက်အရွယ် အပိုင်းအခြားမဆို ပညာကိုအမြဲတမ်းလေ့လာနေရမည်ဖြစ်ပြီး မိမိ၏ဦးနှောက်ကို အမြဲတမ်းသွေးနေရမည်ဖြစ်သည်။ ထို့ကြောင့်ခေတ်နှင့်လျော်ညီစွာ ပညာကိုအမြဲဆည်းပူးလေ့လာနေရမည်။ လုပ်ငန်းခွင်၌ လူငယ်များအနေဖြင့် လုပ်နိုင်ကိုင်နိုင်မှု၊ စဉ်းစားတွေးခေါ်နိုင်မှု၊ နည်းပညာပိုင်းတွင် ကျွမ်းကျင်မှုများနှင့် ပြုမူနေထိုင်ကြမည်ဆိုပါလျှင် လုပ်ငန်းခွင်အတွက် ပိုမိုကောင်းမွန်သည့် အကျိုးဆက်များကို ရရှိစေနိုင်မည်ဖြစ်သည်။ ထိုသို့ပိုမိုကောင်းမွန်အောင်မြင်လာပါက လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်လာမည်ဖြစ်သည်။

ဝန်ထမ်းများအနေဖြင့် မိမိတို့၏ တာဝန်ဝတ္တရား၊ လုပ်နိုင်သည့်နည်းလမ်းထက်ကျော်လွန်ပြီး အလုပ်ကို လုပ်ကိုင်ရသည့်အခြေအနေများတွင် စိတ်ဖိစီးမှုများ ဖြစ်ပေါ်ခံစားရသည်။ ထို့ကြောင့် ဝန်ထမ်းများကို သင့်တင့်လျောက်ပတ်သော လုပ်ငန်းခွင်အချိန်ဇယားဖြင့် လုပ်ကိုင်စေခြင်းဖြင့် မိမိတို့၏လုပ်ငန်းအတွင်း ကြုံတွေ့နေရသည့် စိတ်ဖိစီးမှုများကို အလွယ်တကူကျော်လွှားနိုင်မည်ဖြစ်သည်။ အဖွဲ့အစည်းအတွင်းရှိ တာဝန်ရှိသူများကလည်း မိမိတို့၏ဝန်ထမ်းများအား ၎င်းတို့၏ စွမ်းဆောင်ရည်ကောင်းမွန်ခြင်းအတွက်လည်း ချီးကျူးဂုဏ်ပြုခြင်း၊ ဆုချီးမြှင့်ခြင်းအစရှိသည့် အသိအမှတ်ပြုသည့် အစီအစဉ်များကိုဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းများသည် အဖွဲ့အစည်းအပေါ် ပိုမို၍သစ္စာရှိပြီး မိမိ၏အလုပ်အပေါ် တာဝန်သိစိတ်အပြည့်ဖြင့် ရေရှည်ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုများလျော့ကျစေရန်အတွက် ကျွမ်းကျင်ပညာရှင်များ၏ "Stress Management Training Program" များ ပံ့ပိုးစီစဉ်ဆောင်ရွက်ပေးခြင်းသည်လည်း ပိုမိုအကျိုးသက်ရောက်စေသည်။ စာရေးသူကိုယ်တိုင် အလုပ်အရမ်းပင်ပန်းသည့်အချိန်များတွင် မိမိစိတ်ကိုအားဖြစ်စေသည့် စာအုပ်စာပေများ၊ Short Video များ ကြည့်ခြင်းအားဖြင့် စိတ်ခွန်အားတက်ကြွအောင် ပြန်လည်လုပ်ဆောင်ရသည့်အချိန်များရှိသည်။ ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးခြင်းသည်လည်း ဝန်ထမ်းများ၏ လုပ်ငန်းခွင်စိတ်ဖိစီးမှု အခြေအနေများကို ကောင်းမွန်စွာရင်ဆိုင်ကျော်ဖြတ်နိုင်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ မိမိလုပ်ငန်းခွင်ဘဝအား ပျော်ရွှင်စေရန် မိမိကိုယ်ကိုကောင်းအောင် နေထိုင်ရန် လိုအပ်သည်။ မိမိကောင်းလျှင် မိမိပတ်ဝန်းကျင်သည် ကောင်းမွန်သည့်ဆက်ဆံရေးဖြင့် တုံ့ပြန်လာမည်ဖြစ်သည်၊ မိမိကကောင်းသည့်အရာပေးလျှင်ကောင်းသည့် အကျိုးခံစားရပြီး မကောင်းသည့်အရာပေးလျှင် မကောင်းသည့်အကျိုးခံစားရသည်ဆိုသည့်သဘောဖြစ်သည်။ ထို့ကြောင့် မိမိ၏ကိုယ်၊ စိတ်နှလုံးကို ပြုပြင်ပြောင်းလဲပြီး ကောင်းမွန်ပျော်ရွှင်သည့် လုပ်ငန်းခွင်ဘဝကိုပိုင်ဆိုင်နိုင်စေရန် မိမိကိုယ်ကို ဦးစွာပြုပြင်ပြောင်းလဲပြီး တစ်ဦးချင်းစွမ်းဆောင်ရည်မှသည် ပျော်ရွှင်သောလုပ်ငန်းခွင်ဆီသို့ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ။

# မော်ဖောင်းနယ်မြေ(၂)ကျေးရွာ၌ ဝက်မွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

မြစ်ကြီးနား စက်တင်ဘာ ၂၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးဝက်မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက မော်ဖောင်းနယ်မြေ(၂)ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင်မြစ်ကြီးနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှနှင့်တာဝန်ရှိသူများက မော်ဖောင်းနယ်မြေ(၂)ကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့လေးဖွဲ့မှ ဒေသဝက်နှင့် CP ဝက်မွေးမြူထားရှိမှုနှင့် ဝက်စာများသိုလှောင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက RBF အသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံကာ ဝက်စာဈေးနှုန်းများ၊ မွေးမြူရေးကုန်ကျစရိတ်၊ ရောင်းချသည့်ဈေးနှုန်းများကို မေးမြန်းဆွေးနွေးပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် ဝက်မွေးမြူခြင်းလုပ်ငန်းများကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းချေးငွေကျပ်သိန်း ၃၀၀၊ အသင်းဝင်များ၏ မတည်ငွေများဖြင့် ကျေးရွာရှိ ဝက်မွေးမြူလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ကာရံ(ကျေးလက်)

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရှိ ဆံတော်တိုက်အဝင်အထွက် လုံခြုံရေးမှန်ကာရံ၍ ဆံတော်တိုက်ပတ်လည်ရွှေချထားသည့်နံရံများ Polycarbonate တပ်ဆင်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ကွမ်းစီကျောင်းတိုက်ဆရာတော် VAN SHICHANG ZANG မှ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရှိ ဆံတော်တိုက် အဝင်အထွက် လုံခြုံရေးမှန်ကာရံ၍ ဆံတော်တိုက်ပတ်လည်ရွှေချထားသည့် နံရံများ Polycarbonate တပ်ဆင်လှူဒါန်းခြင်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ကျင်းပသည်။

ဦးစွာ လင်ကွမ်းစီကျောင်းတိုက်ဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ တရုတ် - မြန်မာချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဒေါက်တာတင်ထွန်းတို့က လုံခြုံရေးမှန်ကာရံ၍ ရွှေချထားသည့် နံရံများ Polycarbonate တပ်ဆင်လှူဒါန်းထားမှုကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကြကာ လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချမင်္ဂလာအခမ်းအနားကို နန်းဦးဘုရားကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသည့် ဆရာတော်သံဃာတော်များ၊ လင်ကွမ်းစီကျောင်းတိုက်ဆရာတော်နှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။



ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှတက်ရောက်လာကြသည့်ဒွေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ အဖွဲ့ဝင်ဦးအောင်မြတ်က လုပ်ငန်းဆောင်ရွက်လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလျှောက်ထားပြီး လင်ကွမ်းစီကျောင်းတိုက်ဆရာတော်က လှူဒါန်းမှုအစုစုတို့အတွက် ဝမ်းသာပီတိစကားမိန့်ကြားတော်မူသည်။

ထို့နောက်ဒုတိယဝန်ကြီးဦးအေးထွန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံပူးပေါင်း၍ ချစ်ကြည်ရင်းနှီးစွာ ကုသိုလ်စိတ်ဖြင့် ဆောင်ရွက်လှူဒါန်းမှုဖြစ်ခြင်းကြောင့် ကျေးဇူးအထူးတင်ရှိကြောင်းနှင့် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးအခွန့်ရှည်ပါစေကြောင်း လျှောက်ထားသည်။

ယင်းနောက် ဆရာတော်ကြီးများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လင်ကွမ်းစီ ကျောင်းတိုက်ဆရာတော်က ဘဏ္ဍာတော်တိုက်အသစ် ဆောက်လုပ်ရန်အတွက် အလှူငွေ ယွမ် ၁၀၀၀၀ ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးသံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှဒွေ့ပရိသတ်များက အနုမောဒနာတရားနာယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကိုရုပ်သိမ်းလိုက်ပြီးဆရာတော်ကြီးများအား စေတီတော်ရင်ပြင်ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ ဆောင်းပါးဆု၊ စာပေထူးချွန်ဆု၊ သင်တန်းထူးချွန်ဆု၊ အားကစားထူးချွန်ဆုရရှိခဲ့ကြသည့်ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ဆုချီးမြှင့်



နေပြည်တော် စက်တင်ဘာ ၂၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ဂုဏ်ထူးရကျောင်းသား၊ကျောင်းသူများ၊ ဆောင်းပါးဆု၊ စာပေထူးချွန်ဆု၊ သင်တန်းထူးချွန်ဆု၊ အားကစားထူးချွန်ဆုရရှိခဲ့ကြသည့်ဝန်ထမ်းများဆုချီးမြှင့်ခြင်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ်(၄၆)၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့်ဦးဟန်ဝင်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထူးချွန်ဆုရရှိသူဝန်ထမ်းများ၊ တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့်မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရရှိကြသူများသည် ကြိုးစားအားထုတ်မှုဇွဲလုံ့လရှိမှုနှင့် ဉာဏ်ရည်ဉာဏ်သွေးပြည့်ဝမှုများကြောင့် ထိုက်တန်သည့်ဆုများကို ရရှိခဲ့ကြသူများဖြစ်ကြောင်း၊ ယခုကဲ့သို့ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူများကို သွန်သင်ပံ့ပိုးကူညီခဲ့သည့်မိဘများကိုလည်း အသိအမှတ်ပြုချီးကျူးကြောင်း၊ ထို့ပြင် ဝန်ကြီးဌာန အဆင့်သင်တန်းများ၊ ပြည်ပသင်တန်းများနှင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရသူအရာထမ်း၊ အမှုထမ်းများကိုလည်း နိုင်ငံ့ဂုဏ်သာမက ဝန်ကြီးဌာနဂုဏ်ကိုပါ မြှင့်တင်ကြိုးပမ်းပေးခဲ့ကြ၍ အထူးပင်ဝမ်းမြောက်ဂုဏ်ယူအသိအမှတ်ပြုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ၅ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် ငါးဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၂၀၊ ၁ ဘာသာဂုဏ်ထူးရှင် ၂၇ ဦး၊ အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် တတိယဆုရရှိသူတစ်ဦး၊ ပြည်ပမဟာဘွဲ့သင်တန်းတွင် စာပေထူးချွန်ဆုရရှိသူတစ်ဦး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် ဝန်ကြီးဌာနအဆင့် သင်တန်းများတွင် ထူးချွန်ဆုရရှိသူ ၂၆ ဦး၊ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးအသင်း ဒုတိယဆု၊ အမျိုးသားဖူဆယ်အသင်း ဒုတိယဆု၊ ဂေါက်သီး (အလွတ်တန်း) အသင်းလိုက် ဒုတိယဆု၊ ဂေါက်သီး (အလွတ်တန်း) တစ်ဦးချင်း ဒုတိယဆုနှင့် ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ကြသည့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားသမားများကိုဂုဏ်ပြုဆုများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နေပြည်တော်ရှိအခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေကြသော ဝန်ထမ်းသားသမီးများထံ ပညာသင်ထောက်ပံ့ကြေးများကို ချီးမြှင့်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ရင်သွေးငယ်များအား ထူးချွန်အောင် ပြုစုပျိုးထောင်ပေးခဲ့ကြသည့် မိဘဝန်ထမ်းများနှင့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးတွေ့ဆုံဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးခင်မောင်ဦးနှင့်ဒေါ်ခင်သင်းဝေတို့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆီဆိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဟိုပုံးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသော မဲဆန္ဒရှင်စာရင်းများပြည့်စုံမှန်ကန်ရေး၊ မဲဆန္ဒနယ်အတွင်းနှင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်း၊ မဲဆန္ဒရှင်အသိပညာပေးခြင်း၊ မဲဆွယ်စည်းရုံးခြင်းနှင့် ရလဒ်ထုတ်ပြန်ခြင်းဆိုင်ရာများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့်မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ သင်တန်းပေးလေ့ကျင့်ရေးနှင့် လုံခြုံရေး၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်နှင့်သတင်းရယူခွင့်ဆိုင်ရာများ၊ ဆက်လက်ဆောင်ရွက်ရမည့်ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် မြို့နယ်အလိုက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများကဖြည့်စွက်ဆွေးနွေးကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က သက်ဆိုင်ရာလုပ်ငန်းစဉ်အလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

❍ စာမျက်နှာ ၁၇ မှအဆက်

အရေးပါသောနေရာတစ်ခုဖြစ်ကြောင်း သိရှိရသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်အတွင်း လှည့်လည်ကြည့်ရှုအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

### အမျိုးသားပြတိုက်

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်မှ အထွေထွေရေးရာ ဒုတိယညွှန်ကြားရေးမှူး Mr. Sairan Temirgalievich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်အတွင်း လှည့်လည်၍ ကာဇက်စတန်လူမျိုးနှင့် နိုင်ငံတို့၏သမိုင်းကြောင်း နောက်ခံအကြောင်းအရာများ၊ အဆင့်ဆင့်ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများ၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာဆိုင်ရာများ၊ ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ ကာဇက်စတန်နိုင်ငံအမျိုးသားပြတိုက်သည် အာရှအလယ်ပိုင်းတွင် အကြီးမားဆုံးနှင့် အဆန်းသစ်ဆုံးပြတိုက်တစ်ခုဖြစ်ကာ ၂၀၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြတိုက်တွင် ခန်းမ ၁၁ ခုပါဝင်ပြီး အဆိုပါခန်းမများတွင် ယခင်ခေတ်မှ ယခုအချိန်ထိဖြစ်ပေါ်ခဲ့သောကာဇက်စတန်နိုင်ငံ၏သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုများစွာကို ပုံဖော်ပြသထားကြောင်း၊ အမျိုးသားပြတိုက်အား အပတ်စဉ် တနင်္လာနေ့တိုင်းပိတ်၍ အင်္ဂါနေ့မှ တနင်္ဂနွေနေ့အထိ ၁၀၀၀ နာရီမှ ၁၈၀၀ နာရီအထိဖွင့်လှစ်ထားရှိကြောင်း၊ လာရောက်လေ့လာကြသူများအနေဖြင့် ကာဇက်စတန်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကိုသိရှိနိုင်ရန်အတွက် ကာဇက်စတန်ဘာသာစကား၊ ရုရှားဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားများဖြင့် ရေးသားဖော်ပြထားသည်ကို တွေ့ရှိရသည်။

ပြတိုက်အတွင်း ပြကွက်တစ်ခုချင်းစီအလိုက် လေ့လာကြည့်ရှုမှုအပြီးတွင် အက်စတာနာမြို့ဆိုင်ရာပြခန်း၌ မြို့ပြစီမံအုပ်ချုပ်ရေးအဖွဲ့မှ Mr. Smogulov Nurasyl က ယခင်ကမြို့တော်ဖြစ်သည့် အာမာတီမြို့မှ ယခုအက်စတာနာမြို့နေရာသို့ မြို့ပြအခြေခံအကွက်ချပုံစနစ်တကျရေးဆွဲ၍ ၂၀၀၀ ခုနှစ် ဇွန်လ ၆ ရက်နေ့ကစပြီး တည်ဆောက်ခဲ့မှု၊ စတင်ဆောင်ရွက်ခဲ့စဉ်က လူဦးရေ ၈ သိန်းခန့်အထိနေထိုင်နိုင်ရေး အခြေခံအဆောက်အဦများ၊ လမ်းပန်းဆက်သွယ်မှုများနှင့် အခြားလိုအပ်ချက်များကိုထည့်သွင်းတွက်ချက် ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင်တိုးတက်လာသောလူဦးရေနှင့်အညီ ထပ်မံတိုးချဲ့ဆောင်ရွက်လျက်ရှိမှု၊ ခေတ်မီနည်းစနစ်များဖြင့် မြို့ပြအားဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ပြတိုက်မှ အထွေထွေရေးရာ ဒုတိယညွှန်ကြားရေးမှူး Mr. Sairan Temirgalievich၊ မြို့ပြစီမံအုပ်ချုပ်ရေးအဖွဲ့မှ Mr. Smogulov Nurasyl တို့သည် အမှတ်တရလက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဟိုပုံးမြို့နယ်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ပဉ္စမအကြိမ် နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



ဟိုပုံး စက်တင်ဘာ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် နာဂပုရသာသနာလင်္ကာရအသင်းကြီးက ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပဉ္စမအကြိမ် နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နောင်တောင်းပရဟိတတပ်ဦးကျောင်းတိုက်၌ ကျင်းပသည်။

အစည်းအဝေးသို့ ဆရာတော်၊ သံဃာတော်များ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ခွန်စံလွင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။


အစည်းအဝေးတွင် သာသနာလင်္ကာရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာလင်္ကာရက ၂၀၂၅ ခုနှစ် နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် စာဖြေသံဃာတော်များနှင့်သီလရှင်များ အတန်းလိုက်ဖော်သွင်းစာရင်းချုပ်များကိုလည်းကောင်း၊ နောင်တောင်းပရဟိတတပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒသိရီက လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဖာလှိုင်ဗွေလွန်းကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍဝက ၂၀၂၄ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလင်္ကာရစာမေးပွဲအတွက် အလှူခံရရှိငွေနှင့်သုံးငွေဆိုင်ရာများကိုလည်းကောင်း မိန့်ကြားကြသည်။

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ခွန်စံလွင်က စာမေးပွဲဖြစ်မြောက်ရေးအတွက် လျှောက်ထားပြီး ဓမ္မာလင်္ကာရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇယက ပဉ္စမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာနာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်းခြင်းမူကြမ်းကိုအဆိုတင်သွင်းကာ တက်ရောက်လာသူများက နာဂပုရသာမဏေကျော်စာမေးပွဲတွင် စာဖြေရန်ကြွရောက်လာကြမည့် ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား နေရာချထားပေးမှု၊ ဆွမ်း၊ ခဲဖွယ်များ စီစဉ်ဆောင်ရွက်ထားရှိမှု၊ ဝေယျာဝစ္စနှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီး၊ ရေ၊ ဘဏ္ဍာငွေသုံးစွဲမှု၊ အခမ်းအနားပြင်ဆင်နေမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု၊ လုံခြုံရေး၊ ဖွင့်ပွဲအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူမည့်အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အလှူရှင်များက နာဂပုရသာသနာလင်္ကာရစာမေးပွဲအတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင်က လက်ခံရယူပြီး နာဂပုရသာသနာလင်္ကာရစာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

နာဂပုရသာမဏေကျော်စာမေးပွဲကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးကျောင်းများမှ စာရင်းသွင်းရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်းအပါး ၃၃၀၀ ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)





## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်အတွင်းရှိ ကဇာတ်ရုံခန်းမကြီးအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

**❖ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်သည် ပိရမစ်ပုံစံဒီဇိုင်းရေးဆွဲတည်ဆောက်ထားသည့် ခေတ်မီအဆောက်အအုံတစ်ခုဖြစ်ကာ စုစုပေါင်းဧရိယာစတုရန်းပေ ၃၀၀၀၀၀(စတုရန်းမီတာ ၂၈၀၀၀) ကျယ်ဝန်းပြီး ၆၂ မီတာ (၂၀၃ ပေ)မြင့်သော ခမ်းနားထည်ဝါသည့် အဆောက်အအုံတစ်ခုဖြစ် . . .**

❍ ကျောဖုံးမှအဆက်

အဖွဲ့ဝင်များသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်သို့ ရောက်ရှိကြရာ နန်းတော်မှ General Director Mr.Yakupov Daniyar Abaevich နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးနန်းတော်မှ General Director Mr.Yakupov Daniyar Abaevich နှင့်တာဝန်ရှိသူများက ဧည့်ခန်းမဆောင်တွင်တွေ့ဆုံ၍ ကာဇက်စတန်နိုင်ငံ၏သမိုင်းကြောင်းဆိုင်ရာနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်ဆိုင်ရာများ၊ ကာဇက်စတန်နိုင်ငံတွင် လူမျိုးပေါင်း ၁၀၀ ကျော်ရှိပြီး လူမျိုးစုများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန် လိုအပ်သည့်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးနန်းတော်ကို တည်ဆောက်ခဲ့မှုနှင့် အမျိုးသားရေးညီလာခံကို နှစ်စဉ်လက်ခံကျင်းပဆောင်ရွက်လျက်ရှိမှု၊ လူမျိုးစုများအချင်းချင်း ချစ်ကြည်မှုနှင့်နားလည်မှု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။



ရှိအောင် ဆောင်ရွက်သွားရန်လိုအပ်မှု၊ ကာဇက်စတန်နိုင်ငံရှိ ဘာသာရေးဆိုင်ရာ ခေါင်းဆောင်များ အစည်းအဝေးကိုလည်း လက်ခံကျင်းပခဲ့မှုနှင့် နန်းတော်အတွင်း ငြိမ်းချမ်းရေးနှင့်ဘာသာရေးဆိုင်ရာအခမ်းအနားများ ကျင်းပပြုလုပ်ခဲ့မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံသည်လည်း တိုင်းရင်းသားလူမျိုးများ အတူတကွစုပေါင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုနိုင်ငံဖြစ်ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ပြန်လည်ဆွေးနွေးပြောကြားပြီး ကာဇက်စတန်နိုင်ငံဆိုင်ရာများ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်ဆိုင်ရာများနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးနန်းတော်အတွင်းရှိ ကဇာတ်ရုံခန်းမကြီးနှင့် နန်းတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်သည် ပိရမစ်ပုံစံဒီဇိုင်းရေးဆွဲတည်ဆောက်ထားသည့် ခေတ်မီအဆောက်အအုံတစ်ခုဖြစ်ကာ စုစုပေါင်း ဧရိယာစတုရန်းပေ ၃၀၀၀၀၀ (စတုရန်းမီတာ ၂၈၀၀၀)ကျယ်ဝန်းပြီး ၆၂ မီတာ (၂၀၃ ပေ)မြင့်သော ခမ်းနားထည်ဝါသည့် အဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ ဘာသာရေးအခမ်းအနားများအပြင် ဖျော်ဖြေပွဲများ၊ ရုပ်ရှင်ပွဲတော်များနှင့် အမျိုးသားရေး ညီလာခံ အခမ်းအနားများကျင်းပရာ အဆောက်အအုံတစ်ခုလည်းဖြစ်ပြီး ကာဇက်စတန်နိုင်ငံအတွက် **စာမျက်နှာ ၁၅ သို့ ❍**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားပြတိုက်အတွင်းလှည့်လည်ကြည့်ရှုလေ့လာစဉ်။



# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing visits Palace of Peace and Reconciliation, and National Museum in Kazakhstan





Senior General Min Aung Hlaing takes pleasure in watching the picture of a group of white doves symbolizing peace.




Senior General Min Aung Hlaing signs the visitor's book.

NAY PYI TAW September 28

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Repiblic of the Union of Myanmar, Senior General Min Aung Hlaing, who is currently in Astana of the Republic of Kazakhstan at the invitation of President of the Republic of Kazakhstan H.E. Mr. Kassym-Jomart Tokayev, accompanied by members of the high-level Myanmar delegation, visited the Palace of Peace and Reconciliation, and the National Museum this afternoon.

**The Palace of Peace and Reconciliation**

On arrival at the Palace of Peace and Reconciliation, the Acting President and SSPC Chairman of the Republic of the Union of Myanmar and party were welcomed by General Director Mr. Yakupov Daniyar Abaevich and officials from the Palace.

At the parlour of the palace, General Director Mr. Yakupov Daniyar Abaevich and officials from the Palace explained facts about the palace, construction of the palace to ensure peaceful co-existence among more than 300 diverse ethnic groups in Kazakhstan, yearly convening of the annual National Kurultai, need to ensure friendship and understanding among ethnic groups, holding the meetings of religious leaders in Kazakhstan, and convening of ceremonies for peace and religious affairs in the palace.

The Acting President and SSPC Chairman of the Republic of the Union of Myanmar discussed making efforts in peace process for the peaceful co-existence as Myanmar is a Union where ethnic people are unitedly living, and asked about matters related to the Republic of Kazakhstan, and facts about the palace.

They visited the palace and asked about the topics over clarifications of the officials.



Senior General Min Aung Hlaing observes a statue of a horse equipped with a horse track.

The Palace of Peace and Reconciliation is a modern building constructed in the pyramid design with 300,000 square feet

See Page - 19



Senior General Min Aung Hlaing exchanges gifts with an official of the Palace of Peace and Reconciliation.



Senior General Min Aung Hlaing discusses the importance of peace and unity during the visit to the Palace of Peace and Reconciliation.

●● From Page - 18

of area (28,000 square metres) and it is a 62 metres high grand structure (203 feet in height). It is a prominent venue accepting holding entertainments, film festivals, and ceremonies of national kurulti in addition to religious ceremonies.

After visiting the palace, the Acting President and SSPC Chairman of the Republic of the Union of Myanmar presented the commemorative gift to officials.

**The National Museum**

At the National Museum, they were welcomed Deputy Director for General Affairs Mr. Sairan Temirgalievich of the museum and officials.

They viewed round the booths on the background history and progress of nationals and country of Kazakhstan, traditions and customs, and development measures and asked about some points over the clarifications of officials.

The National Museum of Kazakhstan is one of the largest and most modern museums in Central Asia, having opened in 2014. The museum consists of 11 halls, which showcase Kazakhstan's history and diverse cultures from ancient times to the present. The museum is closed every Monday and opened from Tuesday to Sunday between 10:00 hour and 18:00 hour Kazakhstan standard time. Exhibits are presented in Kazakh, Russian, and English to enable visitors to learn about Kazakhstan's culture and history.



Senior General Min Aung Hlaing hears a report on the statue of an ancient soldier.

After they visited the exhibits in the museum, at the section dedicated to Astana City, Mr. Smogulov Nurasyl from the City Administration explained the construction of the capital from Almaty to Astana with drawing the systematic city layout plan on 6 June 2000, calculation of infrastructure, transportation networks, and other essential needs in the plan for accommodation of some 800,000 people as the initial stage, more expansion of the capital area due to growing number of population, and continuous maintenance of the urban area under the modern techniques. The Acting President and SSPC Chairman of the Republic of the Union of Myanmar discussed matters explained.



Senior General Min Aung Hlaing observes the documentaries on the accomplishments of Palace of Peace and Reconciliation.

The Acting President and SSPC Chairman of the Republic of the Union of Myanmar exchanged commemorative gifts with Deputy Director for General Affairs Mr. Sairan Temirgalievich and Mr. Smogulov Nurasyl from the City Administration. **100**

●● From Page - 21

lifted by 500 pillars. It looks like a tower made of gold at first glimpse from various angles. The design of the monument was drawn on a handkerchief by Mr. Nursultan Nazarbayev, the first president of Kazakhstan during a plane trip and the handkerchief has been preserved at the museum of the first president as historical heritage. The design and symbols of the tower are closely connected with traditional beliefs of nomadic people and Baiterek means the tree of life in Kazakh myths. According to the myths, a mythical colossal bird known as Samruk dwelt on the tree and laid a gold egg, which represented the sun and gave vitality of life and rays of hope. In this way, the people of Kazakhstan portray the struggle between the good and evil and changes of seasons day or night. The 22-metre long golden ball placed at the top of Baiterek represents the mythical sun. The monument was built as the cultural epicenter. It has an aquarium, a cafe and a culture centre at 4.5-meter depth. The scenes of the capital can be enjoyed at the observation tower on the 34th floor, where the golden ball is located. In 2003, a prayer was held by 17 religions at the monument for the first time. Baiterek is an amazing building combining culture, myths and modern development of Kazakhstan and a symbol of peace. Visitors to the monument usually hold prayers in the monument.

Then, the Senior General and delegation viewed the urban development of Astana. **100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Putin ready to meet Trump in Moscow: Kremlin

MOSCOW September 28

Russian President Vladimir Putin is willing to meet with U.S. President Donald Trump in Moscow, but the decision rests with the U.S. side, Kremlin Spokesman Dmitry Peskov said on Sunday.

Peskov told Russia's TASS news agency that the invitation extended by Putin to Trump remains on the table.

Peskov added that Putin is ready and willing to hold the meeting with Trump in Moscow. "Everything depends on Trump's decision," he said.

In August, following their meeting in Alaska, Putin proposed holding their next meeting in Moscow. The U.S. leader described the proposal as possible, though he acknowledged that he would face criticism for it. **Xinhua**

# Multiple victims in a shooting at Michigan church

MICHIGAN September 28

Several people have been injured in a shooting at a church in Michigan, the Grand Blanc Township Police Department said in a brief statement on Sunday.

The incident took place at a church belonging to the Latter Day Saints, the authorities said.

"There are multiple victims and the shooter is down. There is NO threat to the public at this time. The church is actively on fire," the Grand Blanc PD said, urging people to avoid the area.

Videos circulating on social media appeared to show the roof of the building ablaze and billowing smoke, with a large number of emergency vehicles deployed on site.

Fox 2 reported that six to eight people were among the victims of the shooting.

US Attorney General Pam Bondi has condemned the "horrific shooting and fire" at the Mormon church in a post on X. FBI and ATF agents are en route to the scene, she said.

"Such violence at a place of worship is heartbreaking and chilling. Please join me in praying for the victims of this terrible tragedy," she said.

FBI Director Kash Patel has confirmed that the agency is on scene.

"FBI agents are on the scene to assist local authorities," he wrote on X. "Violence in a place of worship is a cowardly and criminal act. Our prayers are with the victims and their families during this terrible tragedy."



**RT**

# Stampede at political rally kills dozens in India



NEW DELHI September 28

At least 39 people died and more than 50 were injured in a stampede at a political rally led by actor Vijay in the Indian state of Tamil Nadu on Saturday. The incident happened in Karur district during a campaign event for his political party, Tamilaga Vettri Kazhagam (TVK).

Tamil Nadu Chief Minister M.K. Stalin has ordered a judicial probe into the deadly stampede, and announced aid for the families of the deceased victims. "So far, 39 people have died, including 13 men, 17 women, 4 boys, and 5 girls – while 51 people, including 26 men and 25 women, are receiving intensive treatment," Stalin told reporters.

Videos of the ill-fated event show thousands of people surrounding a campaign vehicle, with Vijay standing on top, addressing the crowd. In the clips, he eventually resorts to throwing water bottles to fainting supporters and calling for police help.

Authorities said emergency teams were deployed quickly following the stampede. Hospitals in the district continue to treat dozens of injured people, with many reported to be in serious condition.

Following the incident, the 51-year-old actor-turned-politician expressed his grief on social media. "I am at a loss for words to express the pain my heart endures. My eyes and mind are clouded with sorrow. The faces of all of you whom I have met keep flashing through my mind," he wrote on X.

Vijay, one of India's top stars, launched the TVK party in 2024 and has since drawn massive crowds at his public appearances. For over three decades, he has been one of the most bankable actors in Tamil cinema, with a devoted fan following that has translated into large political rallies since his formal entry into politics.

The actor is now preparing for the state elections expected in early 2026, with his party seen as challenging both Stalin's ruling Dravida MunnetraKazhagam (DMK) and Indian Prime Minister Narendra Modi's Bharatiya Janata Party (BJP).

The state government has criticized the actor-politician for violating guidelines at his rally, which is what led the tragedy, according to an NDTV report. The outlet cited official sources as claiming that the organizers had failed to provide necessary arrangements for drinking water and food, causing people in the crowd to faint.

Two leaders of the TVK party, including a close aide to Vijay, have reportedly been named in a police case filed after the incident. Hindustan Times quotes the state's top police official, G. Venkataraman, who noted that the TVK leader arrived over seven hours later than announced by his party, further complicating the situation.

**RT**

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing visits Astana International Financial Center (AIFC) in Kazakhstan

NAY PYI TAW September 28

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is in Astana, Kazakhstan, at the invitation of President H.E. Mr. Kassym-Jomart Tokayev, accompanied by the members of the high-level delegation, visited Astana International Financial Center (AIFC) this morning.

First, the Senior General and party were welcomed by Chairman of the Management Board of AIFC Mr. Bakhtiyar Tleubekov and officials. The Senior General and party were conducted round the AIFC and they asked for more information from relevant officials of the departments.




Senior General Min Aung Hlaing hears a report on services of the Astana International Financial Center (AIFC).



Senior General Min Aung Hlaing visits a booth of AIFC.

Afterward, the management board chair and officials and responsible persons of industry and trade-related companies of Kazakhstan reported on points of the AIFC, investments and technological innovations in the rapidly developing technological sector, establishment of special economic zones in Kazakhstan, invitation of investors and opportunities for them, means to ensure safe and secure working environment, apart from technology-related functions, current trade activities between Myanmar and Kazakhstan and trade promotion programs, and industry-wise and trade-wise undertakings.

The Senior General and party posed for documentary photos with officials of AIFC.

They then visited the Museum of Trust in the AIFC, and asked for more information from the reports of officials.

Located in Astana, the Astana International Financial Center (AIFC) is a financial and investment service provider, inaugurated on 5 July 2018. Development of the financial sector of Kazakhstan and making overtures for regional investments are the aims of opening the AIFC. It is a financial service provider linked with Belt and Road Initiative (BRI), extending its global network of cooperation from Central Asia to Middle East, China and Mongolia.

In the evening on 27 September, the Senior General and delegation observed Baiterek Monument and Observation Tower in Astana and urban development of the capital.

First, the Senior General and delegation arrived at Baiterek Monument and observed the monument before inquiring about salient points clarified by officials.

The monument observation tower is an historical landmark symbolizing the relocation of the capital of Kazakhstan to Astana in 1997 and not only represents the symbol of the country and modern architecture but also the birthplace of new life for the people of Kazakhstan. It is 97-metre (318-feet) high and has a shape of an enormous glass ball

See Page - 19




Senior General Min Aung Hlaing seeks in depth knowledge of the services of AIFC.

# မော်လမြိုင်မြို့၌ ၂၀၂၅ ခုနှစ် ( ၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ




မော်လမြိုင် စက်တင်ဘာ ၂၈

၂၀၂၅ ခုနှစ် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများနှင့်ဖိတ်ကြားထားသည့်ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်အသင်းမှ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲကို Color Ball ရိုက်၍ ဖွင့်လှစ်ပေးပြီး ၂၀၂၅ ခုနှစ် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ (0–18) တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ၊ (19–24) တန်းပြိုင်ပွဲတွင်ရိုက်ချက်အလိုက် အကောင်းဆုံးဂေါက်သီးရိုက်အားကစားသမားများ၊ အထူးဆုရရှိသူများနှင့် Hole in One ဆုရရှိသူများကို ဆုဖလားနှင့် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ချောင်းဆုံမြို့နယ် ကမာမိုကျေးရွာကျောင်းကြီးကျောင်းတိုက်၌ ချောင်းဆုံမြို့နယ်လုံးဆိုင်ရာ ရာမညနိကာယအဖွဲ့ကကျင်းပသည့် ဒုတိယအကြိမ်မြောက် ဝါတော် ၅၀ နှစ်အထက် ဆရာတော်ကြီးများအား ပူဇော်ကန်တော့ပွဲသို့တက်ရောက်ကြည်ညိုသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဧည့်ပရိသတ်များက မြစေတီပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့်နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မော်လမြိုင်မြို့ မြစေတီဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

## ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်း၏ ရေလယ်ပင်မတံတားသံမဏိဆိုင်းကြိုးများ တပ်ဆင်ခြင်းလုပ်ငန်းနှင့် Form Traveler ဖြုတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါသဖြင့် တံတားအောက်ရေလမ်းကြောင်းမှ ဖြတ်သန်းခုတ်မောင်းရမည့် ရေယာဉ်များအားလုံးအတွက် ခွင့်ပြုရေလမ်းကင်းလွတ်အမြင့် (Permissible Air Draft) ကို ရေအမြင့်ဆုံးအမှတ်၏အထက် (above the Highest High Water ) ၄၄ မီတာဟု ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ သတ်မှတ်လိုက်ကြောင်း ရေကြောင်းသတိပေးချက် (Notice To Mariners )ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်




**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**
မောင်လင်းလက်အောင်(ဘ)ဦးစန်းမြင့် ၁၀/မလမ(နိုင်)၂၅၉၂၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၂၅၃၇၅၈၄၇၈

**ဖခင်အမည်မှန်**
ပခုက္ကူမြို့၊ အ.ထ.က(၄) Grade–7 မှ မခင်ပပ၏ဖခင်အမည်မှန်မှာ ဦးတင်မောင်ဝင်း ၅/ခတန(နိုင်)၀၂၃၇၃၇ ဖြစ်ပါကြောင်း။
ဦးတင်မောင်ဝင်း

**အမည်ပြောင်း**
မြစ်ကြီးနား၊ ပမ္မတီး အ.ထ.က(၄) Grade–12(A) မှ အဘ ဦးဇဝန၏သမီး မသုန်ဝတီခင်အား မသုန်ဝသီခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မသုန်ဝသီခင်

**ပျောက်ဆုံးကြောင်း**
သိန်းတန်ဦး(ဘ)ဦးစိုးစိုး ၇/ကကန(နိုင်)၀၅၇၈၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**
သန်လျင်မြို့၊ ကျောင်းကုန်းဆိပ်ကြီးတွင် နေထိုင်လျက်ရှိသော နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၃/နခန(နိုင်)၀၅၄၃၆၇ ကိုင်ဆောင်သူ မိုင်းညီပွဲ(ခ)ဦးညီအေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ မိုင်းညီပွဲ(ခ)ဦးညီအေး

**ပျောက်ဆုံးကြောင်း**
သီတာဝင်း(ဘ)ဦးသောင်းထိုက် ၉/မကန(နိုင်)၁၀၉၇၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 263137)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၂၆၅၃၉၆၀၃၂

**ပျောက်ဆုံးကြောင်း**
မြတ်ကျော်သူ(ဘ)ဦးတင်လှ ၁/မကန(ဧည့်)၀၀၁၅၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၈၀၀၀၉၉၂၈၀

**ပျောက်ဆုံးကြောင်း**
အေးအေးဝင်း(ဘ)ဦးမန်းနိုင် ၁/မကတ(နိုင်)၀၈၉၅၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၅၅၅၀၈၈၆၆

**ပျောက်ဆုံးကြောင်း**
အေးသက်စံ(ဘ)ဦးသန်းထိုက်ဦး ၁/ဟပန(နိုင်)၀၁၈၃၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 402272)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၉၃၉၉၇၅၆၆

**ပျောက်ဆုံးကြောင်း**
ရဲမင်းစိုး(ဘ)ဦးအေးနိုင် ၈/မတန(နိုင်)၀၆၁၃၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ကဒက်ကြီးရွာနေ ရန်နိုင်စိုး(ဘ)ဦးလှမြင့် ၆/လလန(နိုင်)၀၅၉၇၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၆၄၁၅၃၉၁၇

**ပျောက်ဆုံးကြောင်း**
တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ကဒက်ကြီးရွာနေ ငွေးငွေးလှဲ့(ဘ)ဦးဘိုကြီး ၆/လလန(နိုင်)၀၈၈၅၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၆၄၁၅၃၉၁၇

**ပျောက်ဆုံးကြောင်း**
ပြည်မြို့၊ ဓမ္မာနုပဿနာသဒ္ဒါဝါသကျောင်းနေ တေဇောဘာသ(ဘ)ဦးအောင်မျိုးဆွေ ၇/ပမန(သ)၀၀၆၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 320035)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၅၃၁၂၇၆၁


**ပျောက်ဆုံးကြောင်း**
မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နေ ယဉ်ယဉ်စန်း(ဘ)ဦးအောင်ငွေ ၈/ဆဖန(နိုင်)၀၇၅၇၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 872223)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၃၀၆၂၇၃၄

**ပျောက်ဆုံးကြောင်း**
မောင်ဝသုန်(ဘ)ဦးဇေယျာအောင် ၁၂/မရက(နိုင်)၁၇၆၈၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စောမြိုင်ကီး(ဘ)ဦးဖူကျင် ၃/ဘအန(နိုင်)၂၄၇၄၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 823984)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မင်းစိန်တင်(ဘ)ဦးပါ ၃/ကကရ(နိုင်)၀၈၆၉၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 159247)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

# နျူကလီးယားလောင်စာများကိုအကျိုးရှိစွာပြန်သုံးနိုင်စေမယ့် ရုရှားရဲ့ကမ္ဘာ့ပထမဆုံးနျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစနစ်အသစ်



နျူကလီးယားလောင်စာဆိုတာက သုံးတတ်ရင် တကယ့်အကောင်းဆုံးသော စွမ်းအင်အရင်းအမြစ်ကြီးတစ်ခုပါ။ သူ့ကို လျှပ်စစ်ဓာတ်အားပေးတဲ့နေရာမှာပဲ သုံးမလား၊ တခြားသောနေရာမှာပဲ အသုံးပြုမလား၊ ဘယ်နေရာမှာပဲသုံးသုံး သင့်တင့်အောင်သုံးမယ်ဆိုရင် တကယ်ကိုအသုံးတည့်မယ့်အရာပါ။ ဒါပေမဲ့ သူ့မှာကောင်းကျိုးများစွာရှိသလို ဆိုးကျိုးတချို့လည်း ရှိပါတယ်။ အဲဒီဆိုးကျိုးကတော့ အသုံးပြုပြီးသား နျူကလီးယားလောင်စာအကြွင်းအကျန်များကို ကောင်းစွာထိန်းသိမ်းနိုင်ခြင်းမရှိဘူးဆိုရင် ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်သင့်မှုဖြစ်နိုင်ခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်က အပြည့်အဝလောင်ကျွမ်းသွားခြင်းမရှိတဲ့ နျူကလီးယားလောင်စာများက စွန့်ပစ်တဲ့အထဲပါသွားတယ်ဆိုရင် စွမ်းအင်အရင်းအမြစ်ဆုံးရှုံးမှုကိုဖြစ်စေနိုင်ခြင်းဖြစ်ပါတယ်။

နျူကလီးယားစွမ်းအင်ကိုအသုံးပြုမှုနဲ့ပတ်သက်လာရင် ထိပ်တန်းရောက်ရှိနေတဲ့ရုရှားနိုင်ငံက ဒီအခြေအနေကိုကျော်လွှားနိုင်စေဖို့အတွက် နည်းပညာပိုင်းကို ဆန်းသစ်မှုတွေလုပ်ဆောင်လာပါတယ်။ အဲဒီလိုဆန်းသစ်မှုတွေကို ရုရှားနိုင်ငံရဲ့ သမ္မတ ဗလာဒီမာပူတင်ကိုယ်တိုင် တရားဝင်ထုတ်ဖော်ပြောခဲ့တာပါ။ ဘယ်မှာလဲဆိုရင် ကမ္ဘာ့အဏုမြူစွမ်းအင်အေဂျင်စီညွှန်ကြားရေးမှူးချုပ်နဲ့အတူ ဘယ်လာရုစ်၊ မြန်မာ၊ အာမေးနီးယားနဲ့ တခြားနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များတက်ရောက်ကြတဲ့ ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်မှာ ပြောခဲ့တာဖြစ်ပါတယ်။

ရုရှားသမ္မတ ဗလာဒီမာပူတင်ပြောတဲ့ ကမ္ဘာ့ပထမဆုံးဖြစ်မယ့် နျူကလီးယားစွမ်းအင်နည်းပညာက အလုံပိတ်စွမ်းအင်လည်ပတ်မှုစနစ်ဖြစ်ပါတယ်။ အဲဒီနည်းပညာအသုံးပြုမှုကို ၂၀၃၀ ပြည့်နှစ်ကျရင် တွမ့်ဒေသမှာ စတင်သွားမှာဖြစ်ပါတယ်။ ဒီနည်းပညာဟာ နျူကလီးယားစွမ်းအင်နယ်ပယ်မှာ ခေတ်သစ်တစ်ခုကိုဖွင့်လှစ်ပေးနိုင်လိမ့်မယ်လို့ ရုရှားသမ္မတကပြောထားတဲ့အပြင် ကမ္ဘာတစ်ဝန်းရှိသိပ္ပံပညာရှင်များအနေနဲ့ နျူကလီးယားစွမ်းအင်နည်းပညာနဲ့ပတ်သက်ပြီး ပါဝင်နိုင်တယ်လို့ဖိတ်ခေါ်ထားပါသေးတယ်။

လက်ရှိအခြေအနေများအရ ၂၁ ရာစုအလယ်ပိုင်းရောက်ရင် ကမ္ဘာတစ်ဝန်းမှာ နျူကလီးယားစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမှုပမာဏက ၁၀၀၀ ဂစ်ဂါဝပ်အထိ နှစ်ဆကျော်မြင့်တက်လာနိုင်တယ်လို့သိရပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများက ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် နျူကလီးယားစွမ်းအင်ကို ပိုမိုအသုံးပြုလာကြမှာပါ။

ဒီအချိန်မှာ နျူကလီးယားစွမ်းအင်ကို အသုံးပြုမှုမြင့်တက်လာသလို တစ်ဖက်မှာလည်း နျူကလီးယားလောင်စာအသုံးပြုနိုင်ရေးအတွက် ယူရေနီယံလိုအပ်ချက်ကလည်း မြင့်မားလာမှာဖြစ်ပါတယ်။ ဒီလိုမျိုးမြင့်မားလာတဲ့အတွက် မဝေးတော့တဲ့အနာဂတ်မှာ ယူရေနီယံရှားပါးပြတ်လပ်မှုလည်းဖြစ်လာနိုင်ပါတယ်။ တချို့အဖွဲ့အစည်းတွေရဲ့ထုတ်ပြန်ချက်အရဆိုရင် ၂၀၉၀ ပြည့်နှစ်အရောက်မှာ ယူရေနီယံတွေပြတ်လပ်နိုင်တယ်လို့သိရပါတယ်။ ဒါကြောင့် နျူကလီးယားစွမ်းအင်ကိုအသုံးပြုရာမှာ ယူရေနီယံလိုအပ်ချက်ကိုလျှော့ချနိုင်စေဖို့အတွက် အသုံးပြုပြီးတဲ့နျူကလီးယားလောင်စာများကိုပြန်လည်အသုံးပြုနိုင်ဖို့လိုအပ်လာပါတယ်။

ဒီလိုအချိန်မှာ ရုရှားသမ္မတ ဗလာဒီမာပူတင်ထုတ်ဖော်ကြေညာလိုက်တဲ့ အလုံပိတ်နျူကလီးယားစွမ်းအင်လည်ပတ်မှုစနစ်က အသုံးပြုပြီးသားနျူကလီးယားလောင်စာ ၉၅ ရာခိုင်နှုန်းအထိကို နျူကလီးယားဓာတ်ပေါင်းဖိုများမှာ တစ်ကြိမ်ထက်ပိုပြီး အသုံးပြုနိုင်စေမှာဖြစ်ပါတယ်။ ဒီစနစ်ကိုအကောင်အထည်ဖော်နိုင်ခြင်းက ပြဿနာနှစ်ရပ်ကို တစ်ချက်တည်းနဲ့ဖြေရှင်းလိုက်နိုင်သလိုပါပဲ။ ပထမပြဿနာတစ်ခုက ရေဒီယိုသတ္တိကြွအမှိုက်များစုပုံလာမှုပြဿနာဖြစ်ပါတယ်။ နောက်ထပ်ပြဿနာတစ်ခုက ယူရေနီယံပြတ်လပ်မှုကိုလည်း အချိန်တော်တော်ကြာတဲ့အထိ ကြန့်ကြာနိုင်စေမှာဖြစ်ပါတယ်။

ဒီနည်းပညာက ဘယ်လိုမျိုးအလုပ်လုပ်လဲဆိုရင် ယူရေနီယံ ဒါမှမဟုတ် ပလူတိုနီယံလောင်စာတွေကို ဓာတ်ပေါင်းဖိုတစ်လုံးထဲမှာအသုံးပြုပြီးပြီဆိုရင် အသုံးပြုပြီးသားလောင်စာတွေထဲကမှ ပြန်သုံးလို့ရနိုင်တဲ့လောင်စာတွေကိုပြန်သုံးဖို့အတွက် ထုတ်ယူပါတယ်။ ရလာတဲ့လောင်စာကုန်ကြမ်းတွေကိုပြန်လည်ပြုပြင်ခြင်းဖြင့် ဓာတ်ပေါင်းဖိုမှာအသုံးပြုမယ့် လောင်စာတောင့်များထုတ်လုပ်ပါတယ်။ ပြီးတဲ့အခါ ဓာတ်ပေါင်းဖိုများထဲမှာ အဲဒီလောင်စာတောင့်များကိုထည့်သွင်းပြီးအသုံးပြုခြင်းဖြင့် နျူကလီးယားလောင်စာစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစက်ဝန်းကိုလည်ပတ်စေတာပါ။

ဒါကြောင့်ပြောရမယ်ဆိုရင် ရုရှားလိုမျိုးထိပ်တန်းနိုင်ငံကြီးက ဒီလိုနည်းပညာကိုဖော်ထုတ်အသုံးပြုခြင်းဟာ ကမ္ဘာ့စွမ်းအင်နည်းပညာနယ်ပယ်အတွက် တကယ့်ကိုဆန်းသစ်မှုဖြစ်လာစေတဲ့အပြင် သမားရိုးကျနည်းလမ်းကနေဖောက်ထွက်လာတာကြောင့် အထင်ကြီးလေးစားရလောက်တဲ့နည်းပညာလည်းဖြစ်ပါတယ်။ ။ **Ref: IE**

ကိုထက်

# EV အနာဂတ်ကိုပြန်လည်ပုံဖော်နိုင်စေမယ့် တန်ချိန် ၄၃ သန်းရှိ ကမ္ဘာ့အကြီးဆုံးလီသီယံဒြပ်စင်သိုက်တစ်ခုကိုတွေ့ရှိ




လျှပ်စစ်စွမ်းအင်သုံးယာဉ် (EV) များက အနာဂတ်ကမ္ဘာကြီးအတွက် တကယ်ကို အသုံးတည့်မယ့်အရာများဖြစ်ပါတယ်။ အထူးသဖြင့် ကမ္ဘာကြီးပူနွေးမှုကိုဖြစ်ပေါ်စေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များထုတ်လွှတ်မှုကို လျှော့နည်းကျဆင်းစေခြင်းဖြစ်ပါတယ်။ သူတို့အတွက်အဓိကလိုအပ်တဲ့အရာကလည်း ဘက်ထရီများဖြစ်ပြီး ဘက်ထရီများထုတ်လုပ်ဖို့အတွက် အဓိကလိုအပ်တဲ့အရာများက လီသီယံဒြပ်စင်များဖြစ်ပါတယ်။

အခုဆိုရင် လိုအပ်တဲ့လီသီယံဒြပ်စင်များအများဆုံးရှိရာ ဒြပ်စင်သိုက်ကြီးတစ်ခုကိုတွေ့ရှိထားပါတယ်။ နေရာက ဂျာမနီနိုင်ငံရှိ နေရာတစ်ခုမှာဖြစ်ပြီး နှစ်ပေါင်း ၅၅ နှစ်ကြာတဲ့အထိ အဲဒီနေရာကနေသဘာဝဓာတ်ငွေ့များကိုထုတ်လုပ်နေခဲ့တာပါ။ အခုတွေ့ရှိတဲ့ လီသီယံဒြပ်စင်သိုက်ကြီးမှာ လီသီယံကာဗွန်နိတ်တန်ချိန်ပေါင်း ၄၃ သန်းအထိရှိတယ်လို့ဆိုပါတယ်။

ဗြိတိန်နိုင်ငံအခြေစိုက် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Neptune Energy ကုမ္ပဏီက အဲဒီနေရာကိုလေ့လာမှုတွေလုပ်ပြီးနောက် အခုလိုမျိုးတွေ့ရှိချက်တွေကို ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။ ဒါ့အပြင်ဒီလိုမျိုးတွေ့ရှိမှုဟာ လီသီယံဒြပ်စင်ကုန်ကြမ်းအတွက် ဂျာမနီနဲ့ဥရောပဈေးကွက်ကိုပိုမိုခိုင်မာစွာရရှိစေတာဖြစ်တယ်လို့ ကုမ္ပဏီရဲ့အမှုဆောင်ချုပ်ကပြောပါတယ်။

အခုတွေ့ရှိတဲ့ လီသီယံဒြပ်စင်သိုက်ဆိုတာ တကယ့်ကိုများပြားလှတဲ့ လီသီယံများကိုပိုင်ဆိုင်ထားတဲ့နေရာပါ။ ဒီလောက်အထိများပြားတဲ့လီသီယံများက EV များရဲ့အနာဂတ်ကို ပြန်လည်ပုံဖော်ပေးနိုင်စေမှာဖြစ်တယ်လို့ သုတေသနပညာရှင်များက ပြောထားပါတယ်။ **Ref: IE**

ကိုထက်

# ဥရောပဒေသအတွက်အကြီးဆုံးဖြစ်လာမယ့် ရေပေါ်ဆိုလာဓာတ်အားပေးစက်ရုံ

ဆလိုဗေးနီးယားနိုင်ငံက ဥရောပဒေသအတွက်အကြီးဆုံးဖြစ်လာမယ့် ရေပေါ်ဆိုလာဓာတ်အားပေး စက်ရုံတစ်လုံး တည်ဆောက်ဖို့စီစဉ်ထားပါတယ်။ တည်ဆောက်မယ့်နေရာက မိုင်းတွင်းဟောင်းကြီးမှာဖြစ်ပေါ်နေတဲ့ ရေကန်ကြီးမှာဖြစ်ပါတယ်။

ဒီစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံသွားမယ်လို့မျှော်မှန်းထားတဲ့ပမာဏက အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ၆ သန်းအထိရှိပါတယ်။ ဒီစီမံကိန်းကနေထုတ်လုပ်သွားမယ့် လျှပ်စစ်ဓာတ်အားပမာဏကလည်း ၁၄၀ မဂ္ဂါဝပ်ရှိပါတယ်။

ထွက်ရှိလာတဲ့လျှပ်စစ်ဓာတ်အားတွေကို အိမ်ထောင်စုပေါင်း ၃၅၀၀၀ စီ နှစ်စဉ်ပေးသွားမှာပါ။စီမံကိန်းကာလက လာမယ့်နှစ်တတိယသုံးလပတ်မှ ၂၀၂၇ ခုနှစ် ပထမသုံးလပတ်အတွင်းဖြစ်ပါတယ်။ လက်ရှိဥရောပအတွက် အကြီးဆုံး ရေပေါ်ဆိုလာဓာတ်အားပေးစက်ရုံက ၇၄ ဒသမ ၃ မဂ္ဂါဝပ်သာထုတ်လုပ်ထားနိုင်တာကို တွေ့ရှိရပါတယ်။ **Ref: IE ၊ ကိုထက်**



# ကမ္ဘာ့အမြင့်ဆုံးတံတားကြီးကို တရုတ်နိုင်ငံတွင်ဖွင့်လှစ်



**ပေကျင်း၊ နည်းပညာ**

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးတံတားကြီးကို စက်တင်ဘာလ ၂၈ ရက်တွင် အများသူငါအသုံးပြုနိုင်ရန်အတွက် ဖွင့်လှစ်ပေးခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနတစ်ခုက ထုတ်ပြန်သည်။

Huajiang Grand Canyon Bridge ဟု အမည်ပေးထားသည့် အဆိုပါတံတားကြီးသည် နိုင်ငံတောင်ပိုင်း ကွေ့ကျိုးပြည်နယ်ရှိ ကြီးမားသည့်တောင်ကြားနှင့် မြစ်တစ်စင်းအပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး အဆိုပါမြစ်၏ အထက် ၆၂၅ မီတာအထက်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။

ကွေ့ကျိုးပြည်နယ်သည် ကမ္ဘာပေါ်တွင် ဒုတိယမြောက်အမြင့်ဆုံးတံတားကြီးတည်ရှိရာဖြစ်သောကြောင့် ကမ္ဘာပေါ်တွင် အမြင့်ဆုံးတံတားကြီးများတည်ရှိရာဒေသဖြစ်လာခဲ့ကြောင်းသိရသည်။

အဆိုပါကမ္ဘာ့အမြင့်ဆုံးတံတားကြီးကို ဖွင့်လှစ်နိုင်ခြင်းအားဖြင့် ခရီးသွားလာရသည့်အချိန်ကာလကို လျှော့ချနိုင်သည့်အပြင် ဒေသတွင်းသယ်ယူပို့ဆောင်ရေးအခြေအနေကိုပါ များစွာတိုးတက်လာစေမည်ဖြစ်ကြောင်း ပြည်နယ်သယ်ယူပို့ဆောင်ရေးဌာနမှအကြီးအကဲဖြစ်သူ ကျန်းယင်က ပြောကြားသည်။

တရုတ်နိုင်ငံသည် မကြာမီဆယ်စုနှစ်များအတွင်း နိုင်ငံ့စီးပွားရေးတိုးတက်လာသည်နှင့်အမျှ နိုင်ငံအတွင်း၌ အဓိကအရေးပါသည့် အခြေခံအဆောက်အဦစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**Ref: St**

# ဖိလစ်ပိုင်နိုင်ငံတွင် မုန်တိုင်းများဝင်ရောက်တိုက်ခတ်မှုကြောင့် အမေရိကန်ဒေါ်လာ ၂၄ သန်းခန့် ပျက်စီးဆုံးရှုံးခဲ့ရ

**မနီလာ၊ သဘာဝဘေး**

ဖိလစ်ပိုင်နိုင်ငံတွင် အပူပိုင်းမုန်တိုင်း မီတက်နှင့် ရာဂါဆာတိုင်ဖွန်းမုန်တိုင်းများ ဝင်ရောက်တိုက်ခတ်မှုကြောင့် ပီဆို ၁ ဒသမ ၃၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၄ သန်းခန့်) ပျက်စီးဆုံးရှုံးခဲ့ရကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက စက်တင်ဘာလ ၂၈ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါမုန်တိုင်းများသည် ယခုလအတွင်း နိုင်ငံအတွင်းရှိဒေသကိုးခုအတွင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းများဝင်ရောက်လာမှုကြောင့် လယ်သမားနှင့် စိုက်ပျိုးရေးလုပ်သား ငါးသောင်းကျော် ထိခိုက်ခဲ့ရကာ စိုက်ပျိုးမြေဟက်တာပေါင်း ၄၇၇၂၃ ပျက်စီးသွားကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ဆက်လက်ဖော်ပြသည်။

ထို့ပြင် နိုင်ငံအတွင်းသို့ အဆိုပါမုန်တိုင်းများဝင်ရောက်လာမှုကြောင့် စပါး၊ ပြောင်းဖူး၊ တန်ဖိုးမြင့်ကောက်ပဲသီးနှံများ၊ စိုက်ပျိုးမွေးမြူရေးနှင့် သားငါးမွေးမြူရေးလုပ်ငန်းများကိုပါ ထိခိုက်စေခဲ့ကြောင်းသိရသည်။

အလားတူပင် နိုင်ငံအတွင်းရှိအချို့ဒေသများသို့ မုန်တိုင်းများဝင်ရောက်တိုက်ခတ်ပြီးနောက် ဖြစ်ပေါ်လာသည့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်းနှင့် မြေပြိုမှုများကြောင့် လူပေါင်း ၂ ဒသမ ၇၉ သန်းအား တာဝန်ရှိသူများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

မုန်တိုင်းများ တိုက်ခတ်မှုအတွင်း သေဆုံးသူများနှင့် ပျောက်ဆုံးနေသူများရှိနေကြောင်း ဖိလစ်ပိုင်အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေး စီမံခန့်ခွဲမှုကောင်စီက ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref: Xa**



# မြောက်ကာရိုလိုင်းနားရှိ စားသောက်ဆိုင်တစ်ခုတွင်ပစ်ခတ်မှုဖြစ်ပွား လူသုံးဦးသေဆုံးပြီး အနည်းဆုံး ရှစ်ဦးဒဏ်ရာရ

**ဆောက်ပို့၊ အကြမ်းဖက်မှု**

အမေရိကန်ပြည်ထောင်စု မြောက်ကာရိုလိုင်းနားပြည်နယ်ရှိ စားသောက်ဆိုင်တစ်ခုတွင် ပစ်ခတ်မှုဖြစ်ပွားရာ လူသုံးဦးသေဆုံးပြီး အနည်းဆုံး ရှစ်ဦးဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်များက စက်တင်ဘာလ ၂၈ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါပစ်ခတ် တိုက်ခိုက်မှုသည် ဆောက်ပို့ရွက်လှေအသင်းရှိ စားသောက်ဆိုင်တွင် စက်တင်ဘာလ ၂၇ရက် ညပိုင်းက ဖြစ်ပွားခြင်းဖြစ်ပြီး ပစ်ခတ်တိုက်ခိုက်ခဲ့သူအား အာဏာပိုင်အဖွဲ့က ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်းသိရသည်။

သို့သော် ပစ်ခတ်မှုဖြစ်ပွားရသည့် အကြောင်းရင်းကိုမူ အာဏာပိုင်အဖွဲ့က စစ်ဆေးဖော်ထုတ်လျက်ရှိသည်။

ဒေသတွင်းမီဒီယာများ၏ ထုတ်ပြန်ချက်များအရ ပစ်ခတ်တိုက်ခိုက်ခဲ့သူသည် စားသောက်ဆိုင်အား အဓိကပစ်မှတ်ထားလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အာဏာပိုင်အဖွဲ့က ဒေသခံများအား ပစ်ခတ်မှုဖြစ်ပွားသည့်နေရာသို့ သွားရောက်ခြင်းမပြုရန်သတိပေးထားပြီး စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။


**Ref: Iv**

# ပဋိပက္ခများဖြစ်ပွားနေသည့်ဒေသများအတွင်းသို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များစေလွှတ်ရန်အသင့်ရှိဟု အင်ဒိုနီးရှားအဆိုပြု

**ဂျကာတာ၊ ငြိမ်းချမ်းရေး**

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ပဋိပက္ခများဖြစ်ပွားနေသည့် ဒေသများအတွင်းသို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များကို စေလွှတ်သွားရန်အသင့်ရှိကြောင်း အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဗြန်တိုက အဆိုပြုခဲ့ကြောင်းသိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပဋိပက္ခများဖြစ်ပွားနေသည့် ဂါဇာကမ်းမြောင်ဒေသ၊ ယူကရိန်းနှင့်ကုလသမဂ္ဂအဖွဲ့ကဖြန့်ကြက်ရန်လိုအပ်မည်ဟုယူဆရသည့် အခြားဒေသများအတွင်းသို့ တပ်ဖွဲ့ဝင် ၂၀၀၀၀ အထိ ပို့ဆောင်၍ တာဝန်ထမ်းဆောင်စေမည်ဖြစ်ကြောင်း သမ္မတ ပရာဘိုဝို ဆူဗြန်တိုက စက်တင်ဘာလ ၂၇ရက်တွင် အဆိုပြုခဲ့ခြင်းဖြစ်သည်။



ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် ဘက်လိုက်မှုမရှိသည့် ရပ်တည်ချက်ကို ထိန်းသိမ်းထားပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတာဝန်ကိုထမ်းဆောင်ရန်သာ အလေးအနက်ထားခြင်းဖြစ်ကြောင်း ဆူဗြန်တိုက ဆက်လက်ပြောကြားသည်။

ထို့ပြင် ပဋိပက္ခဖြစ်ပွားရာဒေသများသို့ အင်ဒိုနီးရှားက တပ်ဖွဲ့ဝင်များစေလွှတ်ဖြန့်ကြက်ခြင်းသည် ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်သည့်အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ ဥရောပနိုင်ငံများနှင့် တရုတ်နိုင်ငံတို့၏သဘောတူညီမှုကို လိုအပ်ကြောင်း ဆူဗြန်တို၏ ပြောကြားချက်ကို ကိုးကား၍ Vzglyad သတင်းစာတွင်ဖော်ပြထားကြောင်း သိရသည်။

**Ref: Iv**

# အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် လူအုပ်ပိမှုကြောင့် လူသေဆုံးမှုအပေါ် ရဲတပ်ဖွဲ့က လူသုံးဦးကိုတရားစွဲ

**မွမ်ဘိုင်း၊ မတော်တဆမှု**

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် လူအုပ်ပိမှုကြောင့် လူပေါင်း ၄၀ သေဆုံးခဲ့ရသည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့က လူသုံးဦးကို စက်တင်ဘာလ ၂၈ ရက်တွင် တရားစွဲဆိုလိုက်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် တမီးနာဒူးလ်ပြည်နယ်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒေသခံများက ရုပ်ရှင်သရုပ်ဆောင်တစ်ဦးအဖြစ်မှ နိုင်ငံရေးသမားတစ်ဦးအဖြစ်သို့ ပြောင်းလဲသွားသည့် ဗီဂျေးဆိုသူအား တွေ့မြင်နိုင်ရန် လူပေါင်း ၂၇၀၀၀ ခန့်က တိုးဝှေ့ကြည့်ရှုခဲ့ရာမှ လူသေဆုံးမှုများဖြစ်ပွားခြင်းဖြစ်သည်။

ဗီဂျေးသည် Tamilaga Vettri Kazhagam (TVK) ပါတီကို ၂၀၂၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လာမည့် ၂၀၂၆ ခုနှစ် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် မဲဆွယ်ပွဲများကို လုပ်ဆောင်လျက်ရှိရာ ဒေသခံပြည်သူများအကြား၌ ရေပန်းစားနေသူဖြစ်သည်။

သို့ရာတွင် လူသေဆုံးမှုများကြောင့် ဗီဂျေး၏လက်ထောက်သုံးဦးအား လူသေမှုပေါ့လျော့မှုတို့ဖြင့် ရဲတပ်ဖွဲ့က တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းနှင့်အတူ TVK ပါတီမှ တာဝန်ရှိသူအချို့ကိုလည်း ရဲတပ်ဖွဲ့က တရားစွဲဆိုထားကြောင်း ရဲတပ်ဖွဲ့မှအရာရှိတစ်ဦးကပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် လူအုပ်ပိမှုကြောင့် လူသေဆုံးမှုများသည် မကြာခဏဆိုသလိုဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**Ref: ST**

# စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ရေး၊ ငလျင်ဘေးပြန်လည်ပြုပြင်ရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး



နေပြည်တော်  စက်တင်ဘာ ၂၈

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည်နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် မရမ်းခုံကျေးရွာရှိ စိုက်ပျိုး၊ စီးပွားအသိပညာပေးစင်တာ(KC)၌ကျင်းပသည့် ဒေသခံတောင်သူများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ပြီး သီးနှံများ ပန်းတိုင်အထွက်နှုန်းတိုးတက်ရေး သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းနှင့် အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများထံ သစ်စိမ်းမြေဩဇာမျိုးစေ့(ပိုက်ဆန်လျှော်)များ၊ သွင်းအားစုဓာတ်မြေဩဇာများ၊ နေကြာမျိုးစေ့များ၊ လက်ဆွဲအစေ့ချစက်(Seeder)များပေးအပ်ပြီး တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိမြို့နယ် ဘုရားကုန်းကျေးရွာ မင်းထက်ပိုင်ဆန်စက် လည်ပတ်ဆောင်ရွက်နေမှုနှင့် ကွင်းအမှတ်(၁၈၈၅) တောင်သူ ဦးထွန်းဝေ၏ပေါ်ဆန်းရင် ၆၅ ဧကစိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် တိုက်အမှတ် (၂၃၁၀၉)၊ ဥဏ္ဏသိဒ္ဓိရပ်ကွက် တိုက်အမှတ်(၃၃၂၆)၊ တိုက်အမှတ် (၃၃၂၇)နှင့် တိုက်အမှတ်(၃၃၃၅) ပြန်လည်ပြုပြင်နေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ် အပါအဝင် သဘာဝဘေးဒဏ်များ ခံနိုင်ရည်ရှိစေရန် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊ အရည်အသွေးပြည့်မီသော ဆောက်လုပ်ရေးပစ္စည်းများကိုသာ ရွေးချယ်အသုံးပြုရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပ



ရန်ကုန်  စက်တင်ဘာ ၂၈

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Novotel Yangon Max Hotel (Yangon Ballroom)၌ ကျင်းပသည်။

အစည်းအဝေးသို့ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအနေဖြင့် ဆန်းသစ်သည့်အတွေးအခေါ်များ၊ နည်းပညာအသစ်များနှင့် နိုင်ငံ့စီးပွားတိုးတက်ရေးကို ပိုမိုတိုးတက်အောင် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင်ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ကြောင်းနှင့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းအနေဖြင့် လုပ်ငန်းရှင်များကို ဦးဆောင်လက်တွဲပြုကာ နိုင်ငံ၏စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အင်တိုက်အားတိုက်ဖြင့် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက အမှာစကားပြောကြားပြီး အသင်းချုပ်၏ သက်တမ်းအဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့်ဥက္ကဋ္ဌများက ဂုဏ်ပြုစကားများပြောကြားသည့် Video Clip ကိုပြသသည်။

ယင်းနောက် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဒေါ်သင်းသင်းကျော်က နှုတ်ခွန်းဆက်အမှာစကားပြောကြားကာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခင်းကျင်းပြသထားသည့် MSME ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲများနှင့် Business Matching လုပ်ငန်းရှင်များအချင်းချင်း မိတ်ဆက်ဆွေးနွေးခြင်းများလည်း ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များအား ညောင်ရွှေမြို့ရှိ အဠဒိသာ ဓမ္မဝိဟာရ ဒေသစာရီစံကျောင်းတော်ကြီးသို့ ပင့်ဆောင်အပူဇော်ခံ၊ အင်းသားရိုးရာလှေပြိုင်ပွဲများပြုလုပ်



အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များအား ညောင်ရွှေမြို့ရှိ အဠဒိသာ ဓမ္မဝိဟာရဒေသစာရီစံကျောင်းတော်ကြီးသို့ ပင့်ဆောင်အပူဇော်ခံစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးက အင်းသားရိုးရာလှေလှော်ပြိုင်ပွဲတွင် ဆုရရှိသောအသင်းအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၂၈

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူအား ညောင်ရွှေမြို့ရှိ လင်းကင်းကျေးရွာမှ အဠဒိသာ ဓမ္မဝိဟာရဒေသစာရီစံကျောင်းတော်ကြီးသို့ပင့်ဆောင်အပူဇော်ခံပွဲနှင့်အင်းသားရိုးရာလှေပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဖောင်တော်ဆိုက်ပြာသာဒ်သို့ အင်းလေးရိုးရာဆွဲလှေများဆွဲ၍ ကရဝိက်ဖောင်ဖြင့် ပင့်ဆောင်ရောက်ရှိလာသည့် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းများဆက်ကပ်လှူဒါန်းကြပြီး အဠဒိသာဓမ္မဝိဟာရဒေသစာရီစံကျောင်းတော်ကြီးသို့ ပင့်ဆောင်မည့်ဝေါယာဉ်ပေါ်သို့ အသီးသီးပင့်ဆောင်ပူဇော်ကြကာ ညောင်ရွှေမြို့အတွင်း လှည့်လည်ပူဇော်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲများဖြစ်သည့် အမျိုးသား ၅၆ တက်၊ အမျိုးသမီး ၂၆ တက်၊ အမျိုးသားတစ်ဦးချင်းယှဉ်ပြိုင်လှော်ခတ်ပြိုင်ပွဲ၊ ကျောင်းသား ၂၆ တက်၊ အမျိုးသားရာကျော် လှော်ခတ်ပြိုင်ပွဲများ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကိုပြုလုပ်ရာ လှေယာဉ် ဂုဏ်ပြုဆု၊ ဆွမ်းပို့လှေဂုဏ်ပြုဆုနှင့် ပြိုင်ပွဲအမျိုးအစားအလိုက် ပထမဆု၊ ဒုတိယဆုနှင့်နှစ်သိမ့်ဆုရရှိသော အသင်းများအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ခေတ္တကိန်းဝပ်စံပယ်တော်မူမည့်အဠဒိသာဓမ္မဝိဟာရ ဒေသစာရီစံကျောင်းတော်ကြီးသို့ ရောက်ရှိပြီး ရုပ်ပွားတော်များအား ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်စွာဘုရားများ ညောင်ရွှေစံကျောင်းတော်ဝင်ပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ ညောင်ရွှေမြို့၊ မိုးသောက်ကျေးရွာ၊ မိုးသောက် ပထမစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာဘိဝံသထံမှ (၅)ပါးသီလဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားသရဇ္ဈာယ်တော်မူကြသော ပရိတ်တရားတော်များကို နာယူကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များသည် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများလာရောက်ဖူးမြော် ကြည်ညိုနိုင်စေရန်အတွက် ညောင်ရွှေမြို့ အဠဒိသာဓမ္မဝိဟာရ ဒေသစာရီစံကျောင်းတော်၌ သီတင်းကျွတ်လဆန်း ၇ ရက် (စက်တင်ဘာလ ၂၈ ရက်) မှ သီတင်းကျွတ်လဆန်း ၉ ရက် (စက်တင်ဘာလ ၃၀ ရက်)အထိ ၃ ရက်တိုင်တိုင် ကိန်းဝပ်ပူဇော်ခံမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြို့သစ်မြို့နယ် ဝါးကြီးအိုင်ကျေးရွာရှိ မဲဆန္ဒရှင်ပြည်သူများအား MEVM မဲပေးစက်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

မကွေး စက်တင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မကွေးခရိုင် မြို့သစ်မြို့နယ် ဝါးကြီးအိုင်ကျေးရွာ ရွှေစေတီဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအား MEVM မဲပေးစက်နှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအား ကြည့်ရှု၍ ဒေသတွင်း စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး ဒေသခံတောင်သူများနှင့်တွေ့ဆုံခဲ့သည်။

အခမ်းအနားတွင် မြို့သစ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အား အသုံးပြုရခြင်းရည်ရွယ်ချက်၊ စက်၏ဖွဲ့စည်းတည်ဆောက်ပုံ၊ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ မဲရုံခင်းကျင်းမှုပုံစံ စသည်တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြို့သစ်မြို့နယ် ဝါးကြီးအိုင်ကျေးရွာ ရွှေစေတီဘုန်းတော်ကြီးကျောင်း၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံသည်။

ယင်းနောက် တာဝန်ရှိသူများက မိမိတို့တာဝန်ယူသည့်ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး ဝါးကြီးအိုင်ကျေးရွာမှဒေသခံတောင်သူများ၏ ဆိုလာစနစ်တပ်ဆင်အသုံးပြု၍စိုက်ပျိုးရေရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများနှင့် ကျေးလက်လမ်းများ တိုးချဲ့ပြုပြင်ဆောင်ရွက်ပေးနိုင်ရေး၊ ကျေးရွာစာသင်ကျောင်း အုတ်တံတိုင်းကာရံပေးနိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးနိုင်ရေး၊ အရန်မီးသတ်စခန်းထားရှိပေးနိုင်ရေး စသည့်ဒေသဖွံ့ဖြိုးရေးလိုအပ်ချက် တင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့က MRTV Set Top Box နှင့်အားကစားပစ္စည်းများကို ဝါးကြီးအိုင်ကျေးရွာဒေသခံပြည်သူများနှင့် အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ရှိသူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရှိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆို ဂုဏ်ပြုသောအားဖြင့် တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့မှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများက ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များခုတ်ထွင် ရှင်းလင်းပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၂၈

(၆၁)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အိုးတန်းရပ်ကွက်၊ ရန်ကုန်-ပြည်ကားလမ်းဘေးရှိမင်းကျောင်းဘုန်းတော်ကြီးကျောင်း၌ တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးကြသည်။

တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့မှခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေအောင်လွင် ဦးစီး၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း ၇၁ ဦးတို့က ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရန်ရေနုတ်မြောင်းများ ဆယ်တင်တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၈

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## ဘေးကင်းစွာထုတ်လုပ်ထားသည့် ကျန်းမာရေး နှင့် ညီညွတ်သော ဆီကောင်းဆီသန့်များကို စားသုံးသူများထံ အရောက်ပို့ဆောင်ပေးရန်

GGPG Co.,Ltd (စံချိန်ဆီစက်)




ဖို့တောင်သူဦးကြီးများ ...
နေကြာစိုက်ပြီး ဈေးကွက်မရမှာစိုးရိမ်နေသလား?
ဈေးကောင်းပေးဝယ်ယူပါတယ်...
ပစ္စည်းရှိသလောက်ဝယ်ယူပေးနေပါတယ်
ရေရှည်ပူးပေါင်းဆောင်ရွက်သွားလိုပြီး
နှစ်ဦးနှစ်ဖက် ခိုင်မာတဲ့ဈေးကွက်၊
တည်ဆောက်သွားလိုပါတယ်
(၁)နှစ်ပတ်လုံး အချိန်မရွေးဝယ်ပေးနေပါတယ်
စက်ရုံကြီးမှ ဝယ်ယူတာဖြစ်လို့ ငွေရေးကြေးရေးစိတ်ချစွာ
ရောင်းချနိုင်ပါတယ်

ပြည်နယ်နှင့် တိုင်းအသီးသီးအတွက်
ဖြန့်ချိရေးကိုယ်စားလှယ်များ ဖိတ်ခေါ်ခြင်း
GGPG Co.,Ltd (စံချိန်ဆီစက်)မှ
ထုတ်လုပ်ဖြန့်ချိသော
ဆီသန့်အမျိုးမျိုးအား
မိမိတို့ပြည်နယ်နှင့် တိုင်းများတွင်
ပြန်လည်ဖြန့်ချိလိုပါက
အတူတူပေါင်းလက်တွဲဆောင်ရွက်နိုင်ပါရန်
လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊
စားသောက်ဆိုင်များ
အသင်းအဖွဲ့များ ရုံးများအား
GGPG Co.,Ltd (စံချိန်ဆီစက်)မှ
ထွက်ရှိသောဆီကောင်းဆီသန့်များကို
သက်သာသော နှုန်းထားဖြင့်
ညှိနှိုင်းရောင်းချပေးပါမည်။
အထူးဈေးနှုန်းဖြင့်
ညှိနှိုင်းရောင်းချပေးပါမည်

## Global Good Pure Group Co.,Ltd

စံချိန်ဆီစက် – အမှတ်(၆၂)လှေသင်းဝန်ဦးချိန်လမ်း နှင့် ကမ်းနားထောင့်၊ ရွှေပြည်သာစက်မှုဇုံ (၂)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။


Smart P ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး BLACK TEA (နှောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
Lemon Tea
ရွှေဖီဦး
ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’
DAGON
Non-Sparkling Lemon Tea
Sparkling Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များနှင့် ရေယာဉ်များ ဖမ်းဆီးရမိ



Redmi Smart Phone

စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



Gear Oil

မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


MV. Pyi Gyi Ta Khun ရေယာဉ်

အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

နေပြည်တော် စက်တင်ဘာ ၂၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၆ ရက်**တွင် ဘားအံမြို့နယ် ကော့ကဒါးကျေးရွာနှင့် နောင်ပတုတ်ကျေးရွာအနီးတို့၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၄၂၈) ဂါလန်၊ ဓာတ်ဆီ(၂၄၆)ဂါလန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၅၆၄၇၆)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၅ ရက်**တွင် ရွှေဘိုမြို့နယ် တဲကြီးကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၈၅၀၀၀၀)ကိုလည်းကောင်း၊ **စက်တင်ဘာလ ၂၆ ရက်**တွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀၀) နှင့် လိုင်စင်မဲ့ Toyota Mark II မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၃၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၄ ရက်နှင့် ၂၅ ရက်**တို့တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၄ ဒသမ ၂၅၅) တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၉၂၅၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၈ ရက်နှင့် ၂၀ ရက်**တို့တွင် ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၆)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ **စက်တင်ဘာလ ၂၃ ရက်**တွင် ရတနာပုံတံတားစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၆၃၄၈၀)နှင့် **စက်တင်ဘာလ ၂၆ ရက်**တွင် ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၃၈၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Landcruiser Prado (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၄၀၁၄၈၀)**ကို အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၃ ရက်နှင့် ၂၄ ရက်**တို့တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော် ဆိုင်ကယ်(၁၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ **စက်တင်ဘာလ ၂၅ ရက်**တွင် ပေါင်မြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာ၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (၂၅၀)ဂါလန်၊ ဓာတ်ဆီ(၄၅၀)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၅၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စက်တင်ဘာလ ၂၆ ရက်**တွင် မော်လမြိုင်မြို့နယ်အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၅၅၁၅၀၀၀၀)**ကို အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၆ ရက်**တွင် သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ် (၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၄၅)မျိုး၊ လူသုံးကုန်ပစ္စည်း (၈)မျိုး၊ စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၇၂၀၄၇၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Pyi Gyi Ta Khun ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၅၄၂၈၅၈)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၆၇၄၇၆၀၈)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၅ ရက်**တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၁၅၉၄၆၀၈)ကိုလည်းကောင်း၊ **စက်တင်ဘာလ ၂၆ ရက်**တွင် ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ် (၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၀၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၉၁၇၉၄၂၅)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Kaung Hein ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၁၇၉၆၇၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၀၉၅၃၇၀၃)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**စက်တင်ဘာလ ၁၈ ရက်မှ ၂၆ ရက်**အထိ ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၆၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၁၅၅၈၅၂၃)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

# ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေး




နေပြည်တော် စက်တင်ဘာ ၂၈

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်ရှိ တောင်သူ ဦးတင်ထွန်းအောင်၏ လယ်မြေကေ ၂၀ တွင် စိုက်ပျိုးထားသော ပေါ်ဆန်းမွှေးစပါးစိုက်ခင်း၊ နို့စားနွား၊ ကျွဲမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု၊ သဘာဝမြေသြဇာထုတ်လုပ်သုံးစွဲနေမှုနှင့် တောင်သူ ဦးစိုးအောင်၏ ကောက်ညှင်းဆန်စိုက်ခင်းနှင့် ဥစားဘဲအကောင်ရေ ၆၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက်တောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍနှစ်ရပ်ပါဝင်သည့်ပေါင်းစည်းလယ်ယာစနစ်ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေတိုးတက်ခံစားရနိုင်မှု၊ လယ်ယာဘေးထွက်ပစ္စည်းများမှ တိရစ္ဆာန်အစာဖြည့်ဆည်းပေးနိုင်မှုနှင့် တိရစ္ဆာန်အညစ်အကြေးမှ သဘာဝမြေသြဇာအဖြစ် အသုံးပြုမှုများပါဝင်သည့် လှည့်ပတ်သုံးစွဲနည်းစနစ်ကို တောင်သူများတွင်ကျယ်စွာ အသုံးပြုဆောင်ရွက်ရန်ဆွေးနွေးပြောကြားသည်။

ထို့နောက်ဒုတိယဝန်ကြီးသည်ပေတောကျေးရွာရှိ အလုံပိတ်အအေးခန်းစနစ်ဖြင့် မွေးမြူထားသည့် Pay Taw Farm Land Farm တွင် ဥစားကြက်ကောင်ရေ ၇၅၀၀၀ မွေးမြူထားရှိမှု၊ အလိုအလျောက်အစာကျွေးစနစ်၊ ဥကောက်စနစ်နှင့်ဈေးကွက်သို့ ဖြန့်ဖြူးနေမှုတို့ကို ကြည့်ရှုအားပေးကာ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို အကြံပြုဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ယနေ့ကျရောက်သည့် (၁၈)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် တပ်ကုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ကျင်းပသည့် ခွေးရူးပြန်ကာကွယ်ဆေးထိုးခြင်းအခမ်းအနားသို့ တက်ရောက်၍ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ဖြစ်ပေါ်လာပုံ၊ ၂၀၂၅ ခုနှစ် World Rabies Day ဆောင်ပုဒ်ဖြစ်သည့် “ACT NOW: YOU, ME COMMUNITY” “ခွေးရူးရောဂါကင်းစင်ရေး၊ မနေ့အမြန်လက်တွဲပေး”နှင့်ပတ်သက်၍ အသိပညာပေးဟောပြောဆွေးနွေးပြီး တာဝန်ရှိသူများ၏ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# အယ်နာဆာအသင်းသမိုင်းတစ်လျှောက် ဒုတိယမြောက် သွင်းဂိုးအများဆုံးကစားသမားအဖြစ် တိုက်စစ်မှူးစီရော်နယ်ဒိုရပ်တည်




ရီယက် စက်တင်ဘာ ၂၈

ဆော်ဒီကလပ် အယ်နာဆာအသင်း၏ တိုက်စစ်မှူး စီရော်နယ်ဒိုသည် အသင်းသမိုင်းတစ်လျှောက် ဒုတိယမြောက် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေကြောင်း သိရသည်။

အယ်နာဆာအသင်းသည် ဆော်ဒီပရိုလိဂ်ပွဲစဉ်အဖြစ် အယ်အီတီဟတ်အသင်းကို အဝေးကွင်း၌ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး စီရော်နယ်ဒိုက ပွဲကစားချိန် ၃၅ မိနစ်တွင် ခေါင်းတိုက်ဂိုးသွင်းယူနိုင်ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ဒုတိယမြောက်သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်ဒိုသည် အယ်နာဆာအသင်းအတွက် ပွဲပေါင်း ၈၁ ပွဲပါဝင်ကစားပေးထားပြီး သွင်းဂိုး ၇၈ ဂိုး သွင်းယူထားနိုင်ခဲ့ခြင်းကြောင့် အသင်းသမိုင်းတစ်လျှောက် ဆော်ဒီပရိုလိဂ်သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ဒုတိယနေရာမှ တိုက်စစ်မှူးဟောင်း ဟမ်ဒါလာကို တစ်ဂိုးအသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

အယ်နာဆာအသင်းသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားဖြစ် ထိပ်ဆုံးတွင်ရပ်တည်နေသူမှာ တိုက်စစ်မှူးဟောင်း အယ်ရှာလာဝီဖြစ်ပြီး ၎င်းသည် အသင်း၌ ၂၀၀၉ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကစားခဲ့ကာ သွင်းဂိုး ၁၀၃ ဂိုးဖြင့် ထိပ်ဆုံးမှစံချိန်တင်ရပ်တည်နေသည်။

အသက် ၄၀ အရွယ် တိုက်စစ်မှူး စီရော်နယ်ဒိုသည် ယခုဘောလုံးရာသီတွင် ပြိုင်ပွဲစုံခြောက်ပွဲကစားထားပြီး ငါးဂိုးသွင်းယူထားနိုင်ကာ ၎င်း၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝတစ်လျှောက် စုစုပေါင်းသွင်းဂိုးအရေအတွက် ၉၄၆ ဂိုးအထိရှိလာပြီး သမိုင်းဝင်သွင်းဂိုး ၁၀၀၀ ပြည့်မှတ်တမ်းစိုက်ထူနိုင်ရန် နီးစပ်နေပြီဖြစ်သည်။


လက်ရှိဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် အယ်နာဆာအသင်းအနေဖြင့် ပွဲစဉ်လေးပွဲစလုံးအနိုင်ရရှိထားကာ အမှတ်ပေးဇယားအဆင့်(၁)နေရာတွင် ရပ်တည်နေပြီး အဆင့်(၂)နေရာမှ လက်ရှိချန်ပီယံ အယ်အီတီဟတ်အသင်းကို သုံးမှတ်ဖြတ်ထားနိုင်ကြောင်းသိရသည်။

**Ref; Fotmob**

# ဝက်စ်ဟမ်းအသင်းက နည်းပြဂရေဟမ်ပေါ်တာကို ရာထူးမှထုတ်ပယ်ခဲ့ပြီး နော်တင်ဟမ်အသင်းနည်းပြဟောင်း နူနိုဆန်းတို့စ်ကို အစားထိုးခန့်အပ်

လန်ဒန် စက်တင်ဘာ ၂၈

ဝက်စ်ဟမ်းအသင်းက နည်းပြဂရေဟမ်ပေါ်တာကို ရာထူးမှထုတ်ပယ်ခဲ့ပြီး ၎င်း၏နေရာ၌ နော်တင်ဟမ်အသင်းနည်းပြဟောင်း နူနိုဆန်းတို့စ်ကို အစားထိုးခန့်အပ်ခဲ့ကြောင်း သိရသည်။



အသက် ၅၀ အရွယ် ဘရိုက်တန်နှင့် ချယ်လ်ဆီးအသင်းတို့၏နည်းပြဟောင်း ဂရေဟမ်ပေါ်တာသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ဝက်စ်ဟမ်းအသင်းကို စတင်ကိုင်တွယ်ခဲ့ပြီးနောက် ရှစ်လအကြာတွင် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် ယခုဘောလုံးရာသီ ပွဲစဉ်ငါးပွဲကစားခဲ့ရာတွင် တစ်ပွဲနိုင်၊ လေးပွဲရှုံးရလဒ်ဖြင့် အဆင့်(၁၉)နေရာ၌ ရပ်တည်နေသကဲ့သို့ ပြီးခဲ့သည့်ကာရာဘောင်းဖလား ဒုတိယအဆင့်ပြိုင်ပွဲတွင်လည်း ဝုဗ်အသင်းကို ၃ ဂိုး-၂ ဂိုးဖြင့်ရှုံးနိမ့်ပြီးနောက် ပြိုင်ပွဲမှ ထွက်ခဲ့ရသဖြင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် နည်းပြဂရေဟမ်ပေါ်တာကို ရာထူးမှထုတ်ပယ်ကာ နော်တင်ဟမ်အသင်းနည်းပြဟောင်း နူနိုဆန်းတို့စ်ကို အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက် ၅၁ နှစ်အရွယ် ပေါ်တူဂီလူမျိုးနည်းပြ နူနိုဆန်းတို့စ်သည် နော်တင်ဟမ်အသင်းကို ၂၁ လကြာကိုင်တွယ်ခဲ့ပြီး အသင်းပိုင်ရှင် အီဗန်ဂျီလို့စမာရီနာကစ်နှင့် အဆင်မပြေမှုများ ဖြစ်ပွားခဲ့ပြီးနောက် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

၎င်းအနေဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီက နော်တင်ဟမ်အသင်းကို ၁၉၉၇-၁၉၉၈ ဘောလုံးရာသီနောက်ပိုင်း ပရီးမီးယားလိဂ်တွင် အမြင့်ဆုံးအဆင့်အဖြစ် အမှတ်ပေးဇယားအဆင့်(၇)နေရာ၌ ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အပြင် နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ် ဥရောပဝင်ခွင့်ရရှိစေရန် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

နည်းပြနူနိုဆန်းတို့စ်သည် လာမည့်အောက်တိုဘာလ ၁ ရက်တွင် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်၌ ဝက်စ်ဟမ်းအသင်းနည်းပြအဖြစ် စတင်ကိုင်တွယ်မည်ဖြစ်ကြောင်း သိရသည်။

**Ref; Fotmob**

# မန်စီးတီးအသင်းက ခံစစ်ကစားသမား နီကိုအိုရိုင်လီကို နှစ်ရှည်သက်တမ်းတိုး စာချုပ်ချုပ်ဆို

မန်ချက်စတာ စက်တင်ဘာ ၂၈

မန်စီးတီးအသင်းက ခံစစ်ကစားသမား နီကိုအိုရိုင်လီကို နှစ်ရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၂၀ အရွယ် ခံစစ်ကစားသမား နီကိုအိုရိုင်လီသည် မန်စီးတီးအသင်းကြီးအတွက် ပွဲထွက်ကစားသမားအဖြစ် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် စတင်ပါဝင်ကစားခဲ့ကာ အသင်းအတွက် ပွဲပေါင်း ၂၁ ပွဲ ပါဝင်ကစားပေးထားသကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံခြောက်ပွဲ ပါဝင်ကစားပေးထားသည်။

မန်စီးတီးအသင်းအနေဖြင့် နီကိုအိုရိုင်လီကို ၂၀၃၀ ပြည့်နှစ်အထိရှိနေစေမည့် နှစ်ရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခြင်းဖြစ်ပြီး အဆိုပါစာချုပ်အတွင်း ၁၂ လသက်တမ်းတိုးနိုင်မည့်အချက်ကိုလည်း ထည့်သွင်းချုပ်ဆိုထားကြောင်း သိရသည်။

ထို့ပြင် မန်စီးတီးအသင်းအနေဖြင့် ဘရားဇီးတောင်ပံကစားသမား ဆာဗင်ဟိုကိုလည်း နှစ်ရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်နီးစပ်နေပြီး ၎င်းကို ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် စပါးအသင်းက ခေါ်ယူရန်ကမ်းလှမ်းခဲ့သော်လည်း မန်စီးတီးအသင်းက ငြင်းပယ်ခဲ့သည်။

အသက် ၂၁ နှစ်အရွယ် ဆာဗင်ဟိုသည် ၂၀၂၄ ခုနှစ်က နယ်သာလန်ကလပ် ပီအက်စ်ဗွီအသင်းမှ ပေါင် ၃၀ ဒသမ ၈ သန်းဖြင့် ပြောင်းရွှေ့လာပြီးနောက် မန်စီးတီးအသင်းတွင် ပြိုင်ပွဲစုံ ၅၃ ပွဲ ပါဝင်ကစားထားပြီး လေးဂိုးသွင်းယူထားကာ လက်ရှိတွင် ၎င်းပါဝင်ကစားလျက်ရှိသည့်ပွဲစဉ်များ၌ ခြေစွမ်းပြလျက်ရှိခြင်းကြောင့် မန်စီးတီးအသင်းက ဆာဗင်ဟိုကို နှစ်ရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref; Fabrizio Romano**

# ဥရောပထိပ်သီးလိဂ်ငါးခုတွင် အသင်းတစ်သင်း၌ သွင်းဂိုး ၁၀၀ အမြန်ဆုံးသွင်းယူနိုင်သည့် ကစားသမားအဖြစ် တိုက်စစ်မှူးဟယ်ရီကိန်း စံချိန်သစ်တင်

မြူးနစ် စက်တင်ဘာ ၂၈

ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းသည် ဥရောပထိပ်သီးလိဂ်ငါးခုတွင် အသင်းတစ်သင်း၌ သွင်းဂိုး ၁၀၀ အမြန်ဆုံးသွင်းယူနိုင်သည့် ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူးဟယ်ရီကိန်းသည် ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်အဖြစ် ဝါဒါဘရီမင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ပထမပိုင်းပွဲပြီးဆုံးခါနီး ၄၅ မိနစ်တွင်လည်းကောင်း၊ ဒုတိယပိုင်းပွဲကစားချိန် ၆၅ မိနစ်တွင်လည်းကောင်း သွင်းဂိုးများသွင်းယူနိုင်ခဲ့ပြီး ၎င်းအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုး ၁၀၀ ပြည့်မြောက်လာခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်စေရန် ပွဲပေါင်း ၁၀၄ ပွဲကစားခဲ့ရပြီး ယခင်က ဥရောပထိပ်သီးလိဂ်ငါးခုတွင် ရာပြည့်သွင်းဂိုးအမြန်ဆုံးသွင်းယူနိုင်သည့်ကစားသမားများအဖြစ် ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူးဟောင်း စီရော်နယ်ဒိုနှင့် မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းတို့က ၁၀၅ ပွဲကစားပြီး ပူးတွဲရပ်တည်နေကာ ယခုအခါ ဟယ်ရီကိန်းက ၁၀၄ ပွဲဖြင့် စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဟယ်ရီကိန်းသည် ကစားသမားဘဝတစ်လျှောက် ဘွန်ဒက်စ်လီဂါတွင် ပယ်နယ်တီ ၁၈ ဂိုးကို ဆက်တိုက်သွင်းယူနိုင်သည့်ကစားသမားအဖြစ်လည်းကောင်း၊ ပယ်နယ်တီဂိုးများကို ရာနှုန်းပြည့်သွင်းယူနိုင်ခဲ့သည့်ကစားသမားအဖြစ်လည်းကောင်း၊ ဂျာမန်ဘွန်ဒက်စ်လီဂါသမိုင်းတွင် ဂိုးသွင်းဘုရင်ဆုကို နှစ်ရာသီဆက်ရရှိခဲ့သည့် ပထမဆုံးကစားသမားအဖြစ်လည်းကောင်း အသီးသီးမှတ်တမ်းတင်နိုင်ခဲ့သည်။

တိုက်စစ်မှူးဟယ်ရီကိန်းသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိလာခဲ့ပြီး လက်ရှိတွင် အသင်းနှင့်ချုပ်ဆိုထားသောစာချုပ်သက်တမ်းမှာ နှစ်နှစ်ကျန်ရှိနေပြီး ယခုဘောလုံးရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံရှစ်ပွဲကစားထားရာ ၁၅ ဂိုး သွင်းယူထားနိုင်သကဲ့သို့ ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်ငါးပွဲတွင် ဟတ်ထရစ်နှစ်ကြိမ် သွင်းယူထားနိုင်ကြောင်း သိရသည်။

**Ref; Goal.com**

# စိုက်ပျိုးရေးဦးစီးဌာန ရန်ကုန်သီးနှံကာကွယ်ရေးဌာနခွဲ ဝန်ထမ်းများနှင့် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၈

စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် စက်တင်ဘာလ ၂၆ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲတွင် တာဝန်ရှိသူများ၊ သီးနှံကာကွယ်ရေးပညာရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သီးနှံကာကွယ်ရေးဌာနအနေဖြင့် ခေတ်မီသီးနှံကာကွယ်ရေးနည်းစနစ်များကို သုံးစွဲရာတွင် သီးနှံကာကွယ်ရေးဆိုင်ရာဓာတုပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေး၊ စားသုံးသူများနှင့်အသုံးပြုသူများ၏ ကျန်းမာရေးထိခိုက်မှုများ မရှိစေရန် တောင်သူများတက်ကြွစွာပါဝင်သော ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြင့် အခြေခံဆောင်ရွက်ရန်နှင့် တောင်သူလယ်သမားများအား အသိပညာပေးခြင်း နည်းပညာဖြန့်ဝေခြင်းကို ထိရောက်စွာဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ သီးနှံတစ်ခုစီအလိုက် ဘက်စုံသီးနှံကာကွယ်ရေးစနစ်များ တိကျစွာဆောင်ရွက်ပေးရန်၊ သီးနှံမျိုးများတင်ပို့ခြင်း၊ တင်သွင်းခြင်းလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ သီးနှံကာကွယ်ရေး စံချိန်စံညွှန်းများနှင့်အညီ စီမံဆောင်ရွက်ကြရန်၊ အရည်အသွေးပြည့်ဝသော စိုက်ပျိုးရေးသုံးဓာတုဆေးများ တင်သွင်းဖြန့်ဖြူးခြင်းဖြစ်စေရန် တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်အညီ အထူးကြပ်မတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းတွင် အလွန်အရေးကြီးသော မျိုး၊ မြေ၊ ရေ၊ နည်းပညာလုပ်ငန်းများ စီမံဆောင်ရွက်ပေးရာတွင်လည်း မျိုးစေ့ဆိုင်ရာနည်းပညာ၊ မြေဆီလွှာဆိုင်ရာနည်းပညာ၊ ရေစီမံခန့်ခွဲမှုနည်းပညာများကိုပါ တစ်ပါတည်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မျိုးစေ့ကဏ္ဍတွင်လည်း တောင်သူလယ်သမားကိုယ်တိုင် အရည်အသွေးပြည့်မီသောမျိုးစေ့များ ထုတ်လုပ်သုံးစွဲနိုင်ကြစေရန် ဌာနပညာရှင်များက မျိုးစေ့နည်းပညာနှင့် တောင်သူ၏အခက်အခဲများကို အတူဖြေရှင်းပေးခြင်း၊ လယ်သမားများ နားလည်အောင် လက်တွေ့နည်းပညာပေးခြင်း၊ မျိုးစေ့ထုတ် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းလုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများ၊ သီးနှံကာကွယ်ရေးပညာရှင်များ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာလျှင် ငွေကျပ် ၆၆၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၂၈

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသောစားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၉ ရက်မှ အောက်တိုဘာလ ၅ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၆၁၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

မြဝတီ

**၂၈-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၄˚c |
| ရန်ကုန် | ၂၅˚c | / | ၃၁˚c |
| မန္တလေး | ၂၅˚c | / | ၃၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# PRIDE GLORY HONOR မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးပြီး JJNCS ကုမ္ပဏီမှ ဦးဆောင်ကျင်းပသည့် PRIDE GLORY HONOR မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားရုံ၌ ကျင်းပသည်။

ယှဉ်ပြိုင်ပွဲ၏ ခေါင်းတွဲဆိုင်းဖြစ်သည့် ရာမာန်(ခေးယုဝါး)နှင့် အောင်ခိုင်(ဘိလပ်မြေစက်ရုံ)တို့ပွဲသည် အကြိတ်အနယ်ရှိသော်လည်း ပူးတွဲသရေဖြင့်သာပြီးဆုံးခဲ့သည်။ သူတို့နှစ်ဦးသည်ဆုံတွေ့ခဲ့ဖူးသည့် ပြိုင်ဘက်ဟောင်းများဖြစ်သည်။ ပထမအကြိမ်တွင် ရာမာန်က အောင်ခိုင်ကို အသာစီးဖြင့်ထိုးသတ်နိုင်ခဲ့ပြီး ဒုတိယအကြိမ် ကရင်ပြည်နယ်တွေ့ဆုံမှုတွင်လည်း တစ်ဦးနှင့်တစ်ဦးအရှုံးမပေးဘဲ အလဲလဲအကွဲကွဲဖြင့် ပူးတွဲသရေကျခဲ့ကြကာ ယခုပွဲစဉ်သည်လည်း ပရိသတ်အကြိုက်တွေ့သည့် ပွဲကောင်းတစ်ပွဲဖြစ်ပေမယ့် သရေဖြင့်သာ အဆုံးသတ်ခဲ့ကြသည်။

ဒုတိယခေါင်းတွဲဆိုင်းဖြစ်သည့် ထွန်းမင်းနိုင်(MFC)နှင့် စောထူးအောင်(ခေးယုဝါး)တို့ပွဲတွင် ပထမ အချီမှာပင် ထွန်းမင်းနိုင်၏လျှင်မြန်သောလက်သီးက စောထူးအောင်၏လည်ပင်းကိုထိကာ စောထူးအောင်သတိလစ်အရှုံးပေးလိုက်ရသည်။ ထွန်းမင်းနိုင်သည် ပြီးခဲ့သည့်သြဂုတ်လက ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့မဏ္ဍာ ချန်ပီယံရှစ်(MLWC) (၁၀)နှစ်မြောက် အထိမ်းအမှတ်လက်ဝှေ့ပြိုင်ပွဲတွင် ခွန်မာချန်ပီယံ ကမ္ဘောဒီးယားနိုင်ငံသား ဖန်ခရင်ကို အလဲထိုးအနိုင်ရရှိထားသူဖြစ်သည်။

ထို့အတူ ငါးချီစီခေါ်ပွဲများဖြစ်သည့် ဆလိုင်းထန်ခွီးရှိန် (ကျားမနိုင်)နှင့် ရှမ်းတောက်(ဇာထက် မိတ္ထီလာ)တို့ပွဲတွင် ဒုတိယအချီ၌ ဆလိုင်းထန်ခွီးရှိန်၏ လက်သီးကြောင့် ရှမ်းတောက်ဒဏ်ရာရရှိပြီး အရှုံးပေးလိုက်ရသည်။ စောဘဟိန်း (ဘိလပ်မြေစက်ရုံ)နှင့် စောမင်းနိုင်(MFC)တို့ပွဲတွင် ဒုတိယအချီ၌ စောဘဟိန်းက ခြေကန်ချက်ဖြင့်အနိုင်ရရှိပြီး ရဲလင်းဦး (ဒွိရိုးရာ)နှင့် စီတိုး(ခေးယုဝါး)တို့ပွဲတွင် အချီပြည့် သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးသတ်ခဲ့ကြကာ အလူးအလဲနှင့်ပူးတွဲ သရေကျခဲ့သည်။

လေးချီပွဲစဉ်များဖြစ်သည့်ဂေါ်ပက(ခေးယုဝါး)နှင့် လားကပေါ်(ရိုးရာကျား)၊ ထက်လင်း(ဘိလပ်မြေစက်ရုံ)နှင့် ကျော်နိုင်ထွန်း(အဖြူရောင်သွေးသစ်)၊ ကျော်ဝေယံ(Top One) နှင့် ကျောက်ရိုင်း(အဖြူရောင်သွေးသစ်)၊ အာဖရိက(555 Mix Sports)နှင့် အောင်ဟိန်းစွမ်း(Top One)တို့ပွဲများသည် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော်လည်း ပူးတွဲသရေဖြစ်သလို အမျိုးသမီး သုံးချီပြိုင်ပွဲ လင်းစန္ဒာထွေးနှင့် မာလာဝင်း တို့ပွဲသည်လည်း ပူးတွဲသရေသာဖြစ်ခဲ့သည်။

ဝန်းရံ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၂၀ | ၃၀၃၅ | ၃၀၀၀ | ၂၉၃၅ | ၃၀၄၀ | ၃၀၅၅ | ၃၀၇၀ | ၂၉၉၀ | ၄၅၀၅ | ၃၂၈၅ | ၃၀၁၀ | ၃၀၁၀ | ၃၀၈၀ | ၃၀၄၅ | ၃၀၆၅ | ၃၃၂၅ |
| 95 Ron | ၂၉၈၀ | ၃၀၉၅ | ၃၀၆၀ | ၂၉၉၅ | ၃၁၀၀ | ၃၁၁၅ | ၃၁၃၅ | ၃၀၅၅ | ၄၅၆၀ | ၃၃၄၅ | ၃၀၇၀ | ၃၀၇၀ | ၃၁၄၀ | ၃၁၀၅ | ၃၁၃၀ | ၃၃၈၅ |
| HSD (500 ppm) | ၂၅၈၀ | ၂၆၉၅ | ၂၆၆၀ | ၂၅၉၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၃၅ | ၂၆၅၀ | - | ၂၉၄၅ | ၂၆၇၀ | ၂၆၇၀ | ၂၇၄၀ | ၂၇၀၅ | ၂၇၂၅ | ၂၉၈၅ |
| HSD (50 ppm) | ၃၁၇၅ | ၃၂၈၅ | ၃၂၅၅ | ၃၁၉၀ | ၃၂၉၅ | ၃၃၁၀ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၅ | ၃၃၃၅ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၁၇၅ | ၃၂၈၅ | ၃၂၅၅ | ၃၁၉၀ | ၃၂၉၅ | ၃၃၁၀ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၅ | ၃၃၃၅ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၃ | ၂၈၄၂ |
| 95 Ron | ၂၈၁၃ | ၂၉၀၃ |
| HSD (500 ppm) | ၂၄၂၄ | ၂၅၀၂ |
| HSD (50 ppm) | ၂၉၉၈ | ၃၀၈၈ |
| HSD (10 ppm) | ၂၉၉၈ | ၃၀၈၈ |

**မှတ်ချက်**။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၁၀၃၇၇၁၊ ၀၉-၂၅၄၆၅၂၄၇၇

၀၆၇-၃၁၀၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ရေနံစိမ်းတိုးမြှင့်ထုတ်ယူနိုင်ရေးကိစ္စများ၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးမြေအဖြစ် သုံးစွဲရန်မသင့်လျော်သည့်နေရာများ၊ မြေလွတ်မြေရိုင်းနေရာများကို စိစစ်ဖော်ထုတ်ထားရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှကောက်နုတ်ချက်)


❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ကာဇက်စတန်နိုင်ငံ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးနန်းတော်နှင့် အမျိုးသားပြတိုက်တို့သို့သွားရောက်လေ့လာ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးနန်းတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် စက်တင်ဘာ ၂၈

ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံ၊ အက်စတာနာမြို့သို့ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်နှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်


**စာမျက်နှာ ၁၆ ကော်လံ ၁ ❍**

## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်

နေပြည်တော် စက်တင်ဘာ ၂၈

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်ပါသည်။

(မိုး/ဇလ)




## တိုင်ဖွန်းမုန်တိုင်း "ဘူအလွိုင်"မှ ပြတ်ထွက်လာသောတိမ်တိုက်များကြောင့် အောက်တိုဘာလ ၁ ရက်အတွင်း မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၈

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ဘူအလွိုင်"သည် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားလျက်ရှိပြီး ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့(Da Nang)၏ မြောက်-အရှေ့မြောက်ဘက် ရေမိုင် ၅၀ မိုင်ခန့်နှင့် ဗင့်မြို့(Vinh)၏ အရှေ့တောင်ဘက် ရေမိုင် ၁၇၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်း "ဘူအလွိုင်"သည် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြောက်လတ္တီတွဒ် ၁၇ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၀၈ ဒသမ ၁ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၇၅ ဟက်တိုပါစကယ်နှင့်

**စာမျက်နှာ ၁၀ ကော်လံ ၁ ➤**

PRIDE GLORY HONOR မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပ စာ - ၃၁ သို့

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်း သုံးဂိုးစီသရေကျ စာ - ၆ သို့

## လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၂၈

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် အောက်တိုဘာလ ၁ ရက်တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)